မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၉ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ အစည်းအဝေး၌ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလီရိက ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက်ရယူကာ နံနက်ပိုင်း အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ဆဋ္ဌအကြိမ် ဒုတိယသုံးနှစ်သက်တမ်းတွင် တာဝန်ယူဆောင်ရွက်တော်မူကြမည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏ အမည်စာရင်းကို အကျိုးတော်ဆောင်ဆရာတော်က ဖတ်ကြားတင်သွင်းပြီး သဘာပတိဆရာတော်က အတည်ပြုချက်ရယူသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိလပ်မြေစက်ရုံ(နေပြည်တော်)တည်ဆောက်ရေးစီမံကိန်းနှင့် သာဂရစက်မှုနယ်မြေရှိ စက်ရုံများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်လယ်ဝေးမြို့နယ် သာဝတ္ထိမြို့အနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းက တည်ဆောက်နေသည့် မကြာမီဖွင့်လှစ်မည့် ဘိလပ်မြေစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မက်(စ်) ဘိလပ်မြေစက်ရုံ(တောင်ဖီလာ) ပီနန်အိတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက တည်ဆောက်နေသည့် ဘိလပ်မြေစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးစီမံကိန်းတွင် လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်)

ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်စေနိုင်သော ပစ္စည်းများသုံးစွဲမှု သတိပြု

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ယနေ့ကမ္ဘာတွင် လူသားများသည် ဓာတုပစ္စည်းများနှင့် အများဆုံးထိတွေ့နေကြရသည်။

အထူးသဖြင့် လူတို့နေ့စဉ် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အသုံးပြုသောပစ္စည်းများနှင့် အလှကုန်ပစ္စည်းများဖြစ်သည်။ စက်မှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ခေတ်မီအလှအပ လူ့အသုံးအဆောင်ပစ္စည်းများလည်း တိုးတက်များပြားလာခဲ့သည်။

လူသုံးကုန် အလှအပ ပစ္စည်းများ၊ အရေပြားအလှ ထိန်းသိမ်းမှုဆိုင်ရာပစ္စည်းများ၊ အမျိုးသမီးများ အလှအပသုံးပစ္စည်းများတွင် ဓာတုပစ္စည်းများလည်း ထုတ်လုပ်ဖြန့်ဖြူး၍ သုံးစွဲသူများလည်း များပြားလာခဲ့သည်။

ကုန်ပစ္စည်းထုတ်လုပ်သူများသည် ရောင်းကုန်ပစ္စည်းများကို သုံးစွဲသူများ ပိုမိုစိတ်ဝင်စားမှုရှိရန်၊ ရောင်းကုန်ပိုမိုကောင်းမွန်ရန် ဓာတုပစ္စည်းများ ထည့်သွင်း အသုံးပြုလာခဲ့ကြသည်။

အလှကုန်ပစ္စည်းများတွင် ဓာတုပစ္စည်းအများစုသည် ကင်ဆာရောဂါ၊ မွေးရာပါချို့ယွင်းမှုဖြစ်ခြင်းနှင့် ကျန်းမာရေးအတွက် ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။

အလှကုန်ပစ္စည်းများကိုသုံးစွဲရာတွင် အထူးသတိပြု၍ သုံးစွဲရန်လိုအပ်ပြီး နေ့စဉ်နှစ်ရှည်လများသုံးစွဲသည့်အတွက် ရေရှည်၌ ဆိုးကျိုးများရရှိခံစားကြရဖွယ်ရှိသည်။

သဘာဝမှရရှိသော အုန်းဆီ၊ သနပ်ခါး၊ တရော်ကင်ပွန်း၊ ခေါင်းလျှော်ရည်များသည် လူတို့၏ ကျန်းမာရေးကို မထိခိုက်စေသည့်အပြင် အကျိုးသက်ရောက်မှုကို ရရှိစေမည်ဖြစ်သည်။

အများပြည်သူတို့အသုံးပြုနေသော အလှကုန်ပစ္စည်းများတွင်ပါဝင်သော ဓာတုပစ္စည်းများ၏ အန္တရာယ်ကင်းရှင်းမှု၊ လုံခြုံစိတ်ချရမှုကို သတိပြုရန် အရေးကြီးသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သန္ဓေသားအား အန္တရာယ်ကင်းစေရန် အလှကုန်ပစ္စည်းများတွင်ပါဝင်သော ဓာတုပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးအကြောင်းကို သိမြင်သဘောပေါက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အလှကုန်ပစ္စည်းနှင့် နေ့စဉ်သုံးစွဲနေသောပစ္စည်းများကို သုံးစွဲရာတွင် အထူးသတိပြုကြရမည်ဖြစ်ပြီး ဓာတုပစ္စည်းများ လူ၏ခန္ဓာကိုယ်အတွင်း နေ့စဉ်ပမာဏအနည်းငယ်စီ ဝင်ရောက်ခြင်းဖြင့် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများကိုဖြစ်ပေါ်စေနိုင်သဖြင့် ရောဂါဘေးအန္တရာယ်မှကင်းဝေးရန် လူတိုင်းက သတိပြုဆင်ခြင် သုံးစွဲကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ
ရေဒီယိုအစီအစဉ်

(တနင်္ဂနွေ-နံနက်+နေ့လယ်+ည)

၂၂-၂-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော်(မောရသုတ်+ ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၂၀	(၃၈)ဖြာ မင်္ဂလာ
၇း၂၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရ တေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (လိမ္မော်စိုက်ပျိုးရေးအကြောင်း) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာ အလှကမ္ဘာ (အိမ်တွင်းအလှပြင်နည်းသုံးမျိုး)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာ သိကောင်းစရာ (သောမတ်အယ်ဒီဆင် ဒေါက်တာ ခင်မောင်ညို)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ(၂၄) စီးပွားရေးနည်းလမ်း
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း (နိုင်ငံခြားရေး-ဌာနစုမှူး-၂)
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (ဘီအီးဒီ-အင်္ဂလိပ်စာသင်ပြနည်း) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)
၁၇း၀၀	သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (ခြေဖနောင့်နာခြင်း)
၁၇း၁၀	ဇာနည်စစ်သည် တေးပန်းချီ
၁၇း၂၅	သတင်းစာဆောင်းပါး ညနေခင်းတေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ရေဒီယိုဇာတ်လမ်းတွဲများ **ချစ်သူ့သူရဲကောင်း**(အပိုင်း-၁) နိုင်ငံရေးဦးတည်ချက်
၁၉း၄၀	ရှင်လန်းစေချင်သောတရှင် (ရှော့) တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (နှလုံးသားထဲကတေးသံ)
၂၀း၃၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၁း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁း၁၅	ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ချောင်းဦးမြို့နယ် တောကျောင်းကြီးစံပြကျေးရွာဖွင့်
တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၁၀ရက်က (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် တောကျောင်းကြီးစံပြကျေးရွာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် မုခ်ဦးရှေ့သို့ ရောက်ရှိနေရာယူကြပြီး တောကျောင်းကြီးစံပြကျေးရွာမုခ်ဦးကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ စံပြကျေးရွာဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးက ကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အခမ်းအနားတက်ရောက်လာကြသော ကျေးရွာဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် တောကျောင်းကြီးစံပြကျေးရွာရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းအိတ်ချိန်းရုံးနှင့် သုတရင်ခွင်စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကာ ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တောကျောင်းကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး စာသင်ဆောင်များနှင့် သင်ကြားသင်ယူမှုအထောက်အကူပြုခန်းမတို့၌ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အဆိုပါကျောင်းခန်းမ၌ကျင်းပသော ကျေးရွာဒေသခံများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ကွန်ပျူတာနှင့် ရုပ်မြင်သံကြားစက်တို့ကို ပေးအပ်လှူဒါန်းသည်။

စိုက်ပျိုးမွေးမြူရေး

ဆက်လက်၍ တိုင်းမှူးသည် ချောင်းဦးမြို့နယ် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန ပေါက်အင်းစိုက်ကွင်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရာသီအလိုက် သီးနှံစိုက်ပျိုးပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားသည်။

သခွားစိုက်ခင်း

ထို့နောက် ဂျုံစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သခွားမွေးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၅)ရပ်ကွက် သံသုမာလမ်း တိုက် (၃၀၄) အခန်း ၄နေ ဦးခင်မောင်အေး-ဒေါ်မော်ကြည် သား ကိုမြတ်စိုးအေး သမီး မမြတ်သူဇာအေး မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဖေဖော်ဝါရီ ၄ရက်က အလက(၁) လှိုင်ခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

သာသနာ့ဘေးရန်ကို အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ရဟန်းရှင်လူ ပြည်သူအားလုံး လက်တွဲညီညီ ပယ်ရှားတားဆီးမှသာ သာသနာတော် ထွန်းတောက်မည်ဖြစ်

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် မိန့်ကြားတော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ နိဂမနသြဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကြီးသို့ အားပေးချီးမြှောက် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ် တပေါင်းလဆန်း ၆ ရက် (ခရစ်နှစ် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့)မှ စတင်ကျင်းပခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စတုတ္ထအစည်းအဝေးကြီးသည် ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ် တပေါင်းလဆန်း ၈ရက် (ခရစ်နှစ် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်) ဤယနေ့ ဤအချိန်အခါမှာ ဇယမင်္ဂလာပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံးပီတိဖုံးလျက် ပြီးဆုံးအောင်မြင်ခဲ့ပါပြီ ဘုရား။

အားပေးချီးမြှင့်

ဆရာတော်အရှင်မြတ်တို့ဘုရား။ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘုရားကြီးများ အမှူးရှိသော ဆရာတော်အရှင်မြတ်တို့၏ မိမိတို့ကိုယ်ရေးကိုယ်တာကိစ္စ၊ တိုက်တာကိစ္စ စသည်တို့ကို ငဲ့ကွက်မပြု လျစ်လျူရှုကြ၍ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုတို့ကို ဂရုမထားဘဲ သာသနာ့အရေးကိုသာအားပေးကာ ကြွရောက်ချီးမြှောက်တော်မူကြခြင်း၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ဘုရားကြီးများ၏ သြဝါဒကထာတို့ကို ချီးမြှောက်တော်မူခြင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တို့၏ အပြုသဘောဆောင်သည့် ဝေဖန်ဆွေးနွေးမှု၊ အကြံပြုမှု၊ ထောက်ခံမှုစသည်တို့ကို ပြုတော်မူကြခြင်း၊ နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်တို့၏ ကျရာတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်တော်မူကြခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်တကွ သာသနာရေးဦးစီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်အားလုံးတို့၏ ကျရာတာဝန်ကို နေ့မနားညမအား အားထုတ်ဆောင်ရွက်ကြခြင်း၊ ထိုထိုဌာနအသီးသီးတို့၏ လုံခြုံရေး၊ ကျန်းမာရေးစသောတာဝန်များကို အပြည့်အဝ ဆောင်ရွက်ပေးကြခြင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စနှင့် ဆွမ်းဒါယကာ၊ ဒါယိကာမတို့၏ ဘောဇနသပ္ပါယဖြစ်အောင် ဆောင်ရွက်ခြင်း စသည်တို့ဖြင့် ဝိုင်းဝန်းကူညီ ထောက်ပံ့ခြင်းကြောင့်သာ ဤအစည်းအဝေးကြီး ချောမောစွာ အောင်မြင်ပြီးမြောက်ခဲ့ခြင်း ဖြစ်ပါသည် ဘုရား။ ဤအစည်းအဝေးကြီး အောင်မြင်ပြီးမြောက် တံခွန်ဆောက်သည့်တိုင်အောင် အားပေးချီးမြှောက် ထောက်ပံ့ကူညီကြသော ရဟန်းရှင်လူအားလုံးတို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား။ ကောဇာသက္ကရာဇ် ၁၃၄၂ခုနှစ် (ခရစ်နှစ်-၁၉၈၀ပြည့်နှစ်)မတိုင်မီ ရှေးအဖို့က ဘုရားတပည့်တော်တို့၏ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးမှာ အယူဝါဒကွဲပြားသည့် ဂိုဏ်းဂဏများ များစွာပေါ်ပေါက်ခဲ့သည်။ သူတစ်မျိုးငါတစ်ဖုံ ဟောပြောရေးသားကြ၊ သင်တန်းပေးကြသည်ဖြင့် ဂိုဏ်းဂဏများ ထူထောင်ခဲ့ကြပါသည်။ ကောဇာသက္ကရာဇ် ၁၃၄၂ခုနှစ် (ခရစ်နှစ်- ၁၉၈၀ပြည့်နှစ်)၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာသောအခါ ထိုအယူဝါဒများကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့များ ဖွဲ့စည်း၍ ဓမ္မ , အဓမ္မအဖြစ် စိစစ်သုံးသပ်ဆုံးဖြတ်စေ၍ အဓမ္မဟု ဆုံးဖြတ်အပ်သော အယူဝါဒများကို ဓမ္မစက်, အာဏာစက်တွဲဖက်လျက် ပိတ်ပင်ပယ်ရှား တားမြစ်ခဲ့ရာ သာသနာတော်သန့်ရှင်းရေးမှာ အားတက်ဖွယ်ရာ လွန်စွာအောင်မြင်ခဲ့ပါသည် ဘုရား။

ပိတ်ပင်ပယ်ရှား

ယခုအခါ ယခင်က အဓမ္မဟု ဆုံးဖြတ်အပ်ပြီးသော ဝါဒများကို ပြန်လည်ဟောပြောခြင်း၊ စာအုပ်စာတမ်းများကို မိတ္တူကူး၍ ဖြန့်ချိခြင်း၊ ထေရဝါဒဗုဒ္ဓဘာသာမှတစ်ပါး တခြားသော ဗုဒ္ဓဘာသာဝါဒအသစ်ထူထောင်၍ ထေရဝါဒပိဋကတ်တော်နှင့် မညီညွတ်သော ဟောပြောရေးသားမှု၊ စာအုပ်စာတမ်း ထုတ်ဝေမှုစသည်များကို ပြုလုပ်လာကြပါသည်။ ထိုပုဂ္ဂိုလ်များသည် ဘာသာဝါဒအသစ်ထူထောင်လိုက "ဗုဒ္ဓဝါဒဗုဒ္ဓဘာသာ" ဟူသော အသုံးအနှုန်းကို မသုံးဘဲ အခြားဘာသာဝါဒ အမည်တစ်မျိုးမျိုးကိုသာ သုံးနှုန်းသင့်ပါသည်။ ယခုမူ ဗုဒ္ဓဝါဒ ဗုဒ္ဓဘာသာကို ခုတုံးလုပ်၍ ဝါဒအသစ်ထူထောင်ကြပါသည်။ ထိုသို့ ဗုဒ္ဓဝါဒ ဗုဒ္ဓဘာသာဟူသော အသုံးအနှုန်း အမည်နာမကိုယူ၍ ဝါဒအသစ်ထူထောင်ခြင်းသည် ထေရဝါဒဗုဒ္ဓဘာသာကို ဖျက်ဆီးလို၍ ဝါဒအသစ်ထူထောင်သည်မှာ သိသာလှပါသည်။ ထိုသာသနာ့ဘေးရန်ကို အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ရဟန်းရှင်လူ ပြည်သူအားလုံးတို့က လက်တွဲညီညီ ပိတ်ပင်ပယ်ရှား တားဆီးသွားမှသာ ယင်းဘေးရန်များ ပပျောက်၍ သာသနာတော် ထွန်းတောက်မည်ဖြစ်ပါသည်။

ဤအကြောင်းအရာကို ရှေးရှေးအစည်းအဝေးများမှာလည်း တပည့်တော်လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်။ သာသနာတော်နောင်ရေးအတွက် ရင်လေးဖွယ်ဖြစ်သောကြောင့် ထပ်ကာထပ်ကာ လျှောက်ထားရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ ဘုရား။ ဤသာသနာ့ဘေးရန်များကို တပည့်တော်တို့ ရဟန်းရှင်လူအားလုံးက ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်ကာ နည်းလမ်းရှာ၍ တားမြစ်ပိတ်ပင်သုတ်သင်ရှင်းလင်းသင့်ပါကြောင်းကို လျှောက်ထားလျက် တပည့်တော်၏ နိဂမနသြဝါဒကထာကို အဆုံးသတ်ပါသည် ဆရာတော်အရှင်မြတ်တို့ ဘုရား။ ။

ဘဒ္ဒန္တကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

● *ရှေ့ဖုံးမှ*

ထို့နောက် သဘာပတိဆရာတော်က နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကို ဆက်ကပ်တော်မူသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်၌ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၊ ပြည်နယ်၊ တိုင်းနှင့် ဂိုဏ်းအသီးသီးတို့မှ ဆရာတော်များက လက်မှတ်ရေးထိုးတော်မူကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရ၏ နိဂုံးချုပ် နိဂမန သြဝါဒကထာကို နာယူတော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ဇယန္တော့ဗောဓိယာမူလေ အစရှိ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြကာ အစည်းအဝေးကို သာဓုသုံးကြိမ်ခေါ်ဆို၍ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ နိဂုံးချုပ် နိဂမန သြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(အငြိမ်းစား)-ဒေါ်ခင်နှင်းဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(အငြိမ်းစား)-ဒေါ်ခင်စန်းရီ၊ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို)-ဒေါ်ခင်လေးမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(အငြိမ်းစား)-ဒေါ်မာလာတင့်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(အငြိမ်းစား)- ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗိုလ်ချုပ်တင်ဌေး(အငြိမ်းစား)-ဒေါ်နန်းခင်လှဝင်း မိသားစုတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူဖခင်ကြီး မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် တည်ထောင်သူ ဥက္ကဋ္ဌကြီး ဦးသံဒိုင်နှင့် မိခင်ကြီး ဒေါ်တင်တင်တို့အား ဦးထိပ်ထားလျက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးဆွေတင် ဒါရိုက်တာ မြို့ပြလေကြောင်းဌာန(ငြိမ်း)နှင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက ဒေါ်ကြည်ကြည်ဒိုင် ဥက္ကဋ္ဌ၊ PSI ကုမ္ပဏီ(ဗဟိုစည်အထူးကုဆေးခန်း)တို့နှင့် သားသမီးမြေးမိသားစုတို့က ဖေဖော်ဝါရီ ၁၉ရက်တွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၅၉၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး အထိမ်းအမှတ်အဖြစ် မိသားစုအမွေအနှစ် ရှေးဟောင်းအနုပညာလက်ရာမြောက် ငွေသားစစ်စစ် မင်္ဂလာပစ္စည်းများဖြစ်ကြသည့် မင်္ဂလာငွေ ဖလားကြီးနှစ်လုံး၊ မင်္ဂလာငွေဆွမ်းအုပ်ကြီးတစ်လုံးနှင့် မင်္ဂလာငွေကွမ်းအစ်ကြီးတစ်လုံးတို့ကို ရွှေတိဂုံပြတိုက်၌ ထိန်းသိမ်းပြသထားရန်အတွက်လှူဒါန်းရာ ရွှေတိဂုံဂေါပကအဖွဲ့မှ လက်ခံစဉ်။ (သတင်းစဉ်)

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)၊ အမှတ်(၁၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ယခုအပတ်ရွှေနိုင်ငံသတင်းဂျာနယ်တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးသန်းဝင် (ကျိုက်လတ်မြို့)နှင့် နိုင်ငံ့အရေးဆွေးနွေးခြင်း၊ လွန်ခဲ့သည့်နှစ်ပေါင်းကိုးရာခန့် မြန်မာနိုင်ငံတွင်း ပိဋကတ်တိုက်တော်များ ရှိလာချိန်မှစ၍ ပြည်သူ့အကျိုးပြု စာကြည့်တိုက်များပေါ်ပေါက်၊ မြန်ပြည်အနှံ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်၊ မြန်ပြည်တစ်လွှားပညာ၊ လူမှု၊ စီးပွားအခြေခံအဆောက်အအုံများ၊ မောရှမ်းတို့၏ ဆုန်ပင်းပွဲတော်၊ အမြို့မြို့အနယ်နယ်အသင်းဝင်များထံမှ ရောက်ရှိလာသောပေးစာများ၊ ကျွန်တော့်ဆရာလေ့ကျင့်ကွင်းမဟုတ်ပါ၊ ဒေသတွင်းစီးပွားရေးသတင်းများ၊ အကယ်ဒမီဆုရသူများ၏ရင်တွင်းစကား၊ နိုင်ငံတကာသတင်းများ၊ နေရာအနှံ့ပြည်သူ့အကျိုးပြုစာကြည့်တိုက်များဖွင့်လှစ်၊ ပြည်တွင်းသတင်းများ စုံလင်စွာရေးသားထားသည့် ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)၊ အမှတ် (၁၉)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဂျာနယ်ဝယ်ယူရရှိနိုင်သောနေရာများမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်စာပေနှင့် ဗိုလ်တထောင်မြို့နယ် ဂျူကာစာပေနှင့် ၄၆လမ်း အရောင်းဆိုင်များ၊ တာမွေကျောက်မြောင်း သီတာလမ်း ဂျာနယ်ဥယျာဉ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီး အနယ်နယ်အရပ်ရပ်မှ သတင်းပေးပို့လိုသူများနှင့် ဆက်သွယ်မှာယူလိုသူများအနေဖြင့် စာတည်းမှူးချုပ် ရွှေနိုင်ငံသတင်းဂျာနယ် အမှတ် (၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ရှမ်းတောင်တန်းဆီက တံတားကြီးများ
- ၈:၀၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
- ၈:၁၅ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ **မင်းမသိသေးပါဘူးကွာ**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၀၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၇၄)
- ၁၂:၃၀ ၅။ Golf Magazine (TV)
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **မောင့်မြခွာညို** နေအောင်၊ မင်းဦး၊ မေသန်းနု (ဒါရိုက်တာ-မောင်တင်ဦး)
- ၁၄:၅၅ ၇။ International News
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၀ ၄။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
- ၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၅ ၇။ **ကျော့်သွားမှာလား၊ ဖော်စားမှာလား**
- ၅:၂၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် Bugs Adventures (အပိုင်း-၁)
- ၆:၄၀ ၁၂။ တစ်မျက်နှာ တစ်ကွက်စာ **အကြင်နာတောင်တန်း** တေဇ၊ နဒီဝင့်နိုင်၊ ခင်မို့မို့အေး၊ ဖြူဖြူသော် ဒါရိုက်တာ- မေတင်(MMG)
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၄)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောတောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၉)
- ၁၉။ ရုပ်သံကြယ်ပွင့်များ
- ၂၀။ အစီအစဉ်ပြီး၏။

မလေးရှားနိုင်ငံ၏ ပညာသင်ဆုလျှောက်ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

Chemical Engineering, Civil Engineering, Electronics Engineering, Electrical Power Engineering, Information Technology, Mechanical Engineering, Machatronics, Metallurgical Engineering, Mining Engineering ဘာသာရပ်တစ်ခုခုဖြင့် B.E ဘွဲ့ရရှိပြီး M.Eသင်တန်းသို့ တက်ရောက်ရန် အရည်အချင်းပြည့်မီသူ သို့မဟုတ် တစ်ဘာသာလျှင် ပျမ်းမျှကြိတ်နှုန်း ၆၅မှတ် ရရှိသူများသည် မလေးရှားနိုင်ငံ University Tunku Abdul Rahman တက္ကသိုလ်မှ ချီးမြှင့်သော ဘွဲ့လွန်အင်ဂျင်နီယာ ပညာသင်ဆုနှစ်ဆုအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အစီအမံဖြင့် လျှောက်ထားတက်ရောက်နိုင်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

လျှောက်ထားသူသည် မတ် ၈ရက်တွင် အသက် (၃၀)ထက် မကျော်လွန်သူအဖြစ် သတ်မှတ်ထားပြီး လျှောက်လွှာကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ရန်ကုန်မြို့ (လှိုင်မြို့နယ်) တက္ကသိုလ်များလှိုင်နယ်မြေသို့ ဖေဖော်ဝါရီ ၂၈ရက်ထက်နောက်မကျဘဲ လျှောက်ထားရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၈၆နှင့် ၀၉-၅၁-၄၁၃၂၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တံတားတည်ဆောက်

မြစ်သားမြို့နယ် ရွာရှည်- ဘုံကွင်းလမ်းပေါ်ရှိ အရှည် ၁၆ပေ၊ အကျယ် ၁၄ပေရှိ သစ်သား တံတား တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်နိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဘာရိန်းသို့ အီရန်သဘာဝဓာတ်ငွေ့ပို့လွှတ်ရေး ရုရှားနိုင်ငံ ပူးပေါင်းပါဝင်လို

တီဟီရန် ဖေဖော်ဝါရီ ၂၀

ရုရှားနိုင်ငံနှင့်ပူးပေါင်းကာ ဘာရိန်းနိုင်ငံသို့ အီရန်ဓာတ်ငွေ့တင်ပို့ရေးပြဿနာကို သုံးပွင့်ဆိုင်ဆွေးနွေးပွဲ၌ ထည့်သွင်းဆွေးနွေးကြောင်း အီရန်တာဝန်ရှိပုဂ္ဂိုလ်က ဖေဖော်ဝါရီ ၁၇ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဘာရိန်းအစိုးရသည် အီရန်မှ သဘာဝဓာတ်ငွေ့ တစ်နေ့လျှင် ကုဗမီတာ ၃၀၀မှ ၅၀၀ အထိ လိုအပ်လျက်ရှိကြောင်း အီရန်ရေနံ ဒုတိယဝန်ကြီး ဟော့ဆန်နာရီကာ ရီရာဇီက ပြောကြားသည်။ ဘာရိန်းအစိုးရသည် အီရန်မှ သဘာဝဓာတ်ငွေ့ တင်သွင်းရန် ဆန္ဒရှိနေသည့်အပြင် ရုရှားအစိုးရကလည်း အီရန်နိုင်ငံ၏ စွမ်းအင်စီမံကိန်းကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိနေသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ (အင်တာနက်)

ကမ္ဘောဒီးယား အန်ကောလေကြောင်းကုမ္ပဏီ ဥရောပမှ လေယာဉ်နှစ်စင်းဝယ်ယူ

ဖနောင်ပင် ဖေဖော်ဝါရီ ၂၀

ကမ္ဘောဒီးယားနိုင်ငံ အန်ကောလေကြောင်းကုမ္ပဏီက ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေးအတွက် အေတီအာရ်-၇၂ အမျိုးအစား လေယာဉ်အသစ်နှစ်စင်းကို ဥရောပမှ ဝယ်ထားပြီးဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးက ဖေဖော်ဝါရီ ၁၉ရက်တွင် ပြောကြားသည်။

ပြောကြား

ခရီးသည် ၆၈ဦးစီးနိုင်သည့် အေတီအာရ်-၇၂လေယာဉ်တစ်စင်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ကမ္ဘောဒီးယားသို့ရောက်ရှိခဲ့ပြီး ကျန်လေယာဉ်တစ်စင်းသည် ဖနောင်ပင်သို့ လာမည့်လအတွင်းရောက်ရှိနိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးများကောင်စီရုံးမှ ဒုတိယဝန်ကြီး ဆမ်ရက်က ပြောကြားသည်။

လေယာဉ်တစ်စင်း၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာသန်း ၂၀ခန့်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

အမေရိကန် ကျောင်းတစ်ကျောင်း၌ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှုဖြစ်ပွား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

အမေရိကန်နိုင်ငံရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့ အဆိပ်သင့်၍ ကျောင်းသားနှင့် ဆရာများ စုစုပေါင်း ၂၃ဦးကို ဆေးရုံတင်လိုက်ရကြောင်း ဒေသဆိုင်ရာမီဒီယာများ၌ ဖော်ပြထားသည်။

ကြေညာ

ယင်းဖြစ်ရပ်မှာ အမေရိကန်နိုင်ငံ နယူးဟမ်ရှိုင်းယားပြည်နယ် ဒေရီမြို့ရှိ စိန့်သောမတ်အကွီနာ အထက်တန်းကျောင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနေရာသို့ မီးသတ်အရာရှိများရောက်ရှိလာချိန်၌ ကျောင်းသားတစ်ဦးနှင့် ဆရာတစ်ဦးသတိမေ့နေကြောင်း၊ အများအပြားမှာလည်း ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်သည့် လက္ခဏာပြနေကြောင်း ဒေသဆိုင်ရာ ဒဗလျူအမ်ယူအာရ်တီဗွီက သတင်းကြေညာသည်။

စမ်းသပ်စစ်ဆေး

ဆေးရုံတင်လိုက်ရသူများအနက် အချို့မှာ အဆိပ်သင့်သည့်လက္ခဏာမပြကြောင်း၊ သို့ရာတွင် ယင်းတို့အား စမ်းသပ်စစ်ဆေးကြည့်သည့်အခါတွင် ယင်းတို့၏သွေးထဲတွင် ကာဗွန်မိုနောက်ဆိုဒ်အဆိပ်ဓာတ်များကိုတွေ့ရကြောင်းဖြင့်လည်း အဆိုပါ ဒဗလျူအမ်ယူအာရ်တီဗွီက ဆက်လက်၍ကြေညာသွားသည်။

ပိတ်ထား

ထိုစာသင်ကျောင်းကို ပိတ်ထားလိုက်ရကြောင်း၊ မီးသတ်သမားများနှင့် အရေးပေါ်လူနာတင်ယာဉ်များ ချက်ချင်းရောက်ရှိလာကြောင်း၊ ထိုကျောင်းတွင် မူကြိုတန်းမှ အဋ္ဌမတန်းအထိ စုစုပေါင်းကျောင်းသားကျောင်းသူ ၂၈၀ခန့်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ကုန်စည်ပြပွဲ အဆောက်အအုံ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ကုန်စည်ပြပွဲ အဆောက်အအုံ ပြင်ဆင်နေမှုကို ဖေဖော်ဝါရီ ၁၉ ရက်က ဤသို့တွေ့ရသည်။

(ဆင်ဟွာဓာတ်ပုံ)

တာလီဘန် ထိပ်တန်းတပ်မှူး ဘာရာဒါ ဖမ်းဆီးလိုက်နိုင်ကြောင်း အတည်ပြုပြောကြား

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၀

အာဖဂန်တာလီဘန်အဖွဲ့၏ ထိပ်တန်းတပ်မှူးမူလာအဗ္ဗဒူဂါနီ ဘာရာဒါကို ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်နှင့် အမေရိကန် အဆင့်မြင့်သံတမန်တစ်ဦးက ဖေဖော်ဝါရီ ၁၇ရက်တွင် အတည်ပြုပြောကြားသည်။

စမ်းသပ်

ကရာချိမြို့တောင်ပိုင်း၌ ဖေဖော်ဝါရီလအတွင်း ပါကစ္စတန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ပြီးနောက် ဘာရာဒါကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖမ်းဆီးရမိမှုသည် အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်များကို အမေရိကန်တို့ဦးဆောင်ပြီး မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)က အကြီးဆုံးထိုးစစ်ဆင်တိုက်ခိုက်ရာ၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏တပ်ဖွဲ့များ တစ်ဟုန်ထိုး ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကို ကနဦးစမ်းသပ်ရာ၌ ဖမ်းဆီးရမိလိုက်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီး

တာလီဘန်တို့အား စစ်ရေးအရအနိုင်ရရှိမည်မဟုတ်သဖြင့် စစ်ပွဲကိုအဆုံးသတ်နိုင်အောင် တာလီဘန်တို့နှင့်ဆွေးနွေးရန် အနောက်အုပ်စု စစ်ဦးစီးချုပ်များက ပြောကြားနေချိန်တွင် ယင်းကဲ့သို့ ထိုးစစ်ဆင်တိုက်ခိုက်ပြီး ဘာရာဒါကို ဖမ်းဆီးလိုက်နိုင်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ခရီးဆောင်အိတ် စစ်ဆေးရေးကိရိယာများ အမေရိကန်လေဆိပ်အားလုံး၌ တပ်ဆင်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

အမေရိကန်လေကြောင်း လုံခြုံရေးအာဏာပိုင်များသည် ခရီးသည်များနှင့် ယင်းတို့ယူဆောင်လာသော အိတ်များတွင် ပေါက်ကွဲစေတတ်သော ပစ္စည်းပါ မပါ စစ်ဆေးနိုင်ရန်အတွက် လေဆိပ်များတွင် ခရီးဆောင်အိတ်စစ်ဆေးရေးကိရိယာများ စတင်အသုံးပြုသွားတော့မည်ဖြစ်ကြောင်း ယူအက်စ်အေတူဒေးသတင်းစာ၌ ဖေဖော်ဝါရီ ၁၇ရက်က ဖော်ပြသည်။

အဆိုပါခရီးဆောင်အိတ် စစ်ဆေးရေးစက်ကိရိယာများကို မအောင်မြင်သည့် ခရစ္စမတ်ဗုံးဖောက်ခွဲရန်ကြိုးပမ်းမှု ဖြစ်ပွားပြီးနောက် လေဆိပ်ငါးခုတွင် စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း၊ ရက်သတ္တပတ်အနည်းငယ်အတွင်း အမေရိကန်နိုင်ငံ တစ်ဝန်းလုံးတွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းရှာဖွေရေးကိရိယာများကို ပုံမှန်အားဖြင့် လေဆိပ်စစ်ဆေးရေးစခန်းများတွင် တပ်ဆင်ထားကြောင်း စစ်ဆေးရေးကိရိယာများသည် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို ရှာဖွေရန်အတွက် ခရီးသည်များနှင့် ယင်းတို့၏ အိတ်များကို ဓာတုဗေဒနည်းဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။

စစ်ဆေးရေးကိရိယာများတွင် အာရုံခံကိရိယာ တပ်ဆင်ထားမည်ဖြစ်ရာ ယင်းအာရုံခံ ကိရိယာသည် ပေါက်ကွဲစေတတ်သော ပစ္စည်း ရှိမရှိ အလွယ်တကူသိရှိနိုင်သည်ဟုလည်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့ရှိ ကျောက်မီးသွေးတွင်းလုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကနေဒါနိုင်ငံ ဗင်္ကူဗာမြို့၌ ကျင်းပသည့် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်တွင် စကိတ်စီးပြိုင်ပွဲ ယှဉ်ပြိုင်နေကြသည်ကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စင်ကာပူ ပို့ကုန်ပမာဏ နှစ်ချင်းအလိုက် တိုးမြင့်လျက်ရှိ

စင်ကာပူ ဖေဖော်ဝါရီ ၂၀

စင်ကာပူနိုင်ငံ၏ ပို့ကုန်ကဏ္ဍ၌ ရေနံတင်ပို့မှုမှအပ ကျန်ပို့ကုန်လုပ်ငန်း ပမာဏသည် ယခုနှစ် ဇန်နဝါရီလတွင် ယခင်နှစ်အလားတူကာလကထက် ၂၁ရာခိုင်နှုန်းတိုးမြင့်လျက်ရှိပြီး ယခုလအတွင်း ၂၆ ရာခိုင်နှုန်းသို့ မြင့်တက်လျက်ရှိသည်။

ဖော်ပြ

ယင်းပို့ကုန်ပမာဏကို စင်ကာပူရှိ နိုင်ငံတကာစီးပွားရေး အေဂျင်စီ၏ စာရင်းဇယားများ၌ ဖေဖော်ဝါရီ ၁၇ရက်က ဖော်ပြသည်။

မြင့်တင်ဆောင်ရွက်

ကုန်သွယ်မှုကဏ္ဍ မြင့်တင်ဆောင်ရွက်လျက်ရှိရာမှ အီလက်ထရွန်နစ်နှင့် အခြားသောပို့ကုန်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

တင်ပို့

၎င်းနိုင်ငံ၏ ပြည်တွင်းပို့ကုန်လုပ်ငန်း (အင်န်အိုဒီအိပ်စ်)မှ အထူးသဖြင့် စက်ပစ္စည်းနှင့် ဓာတုပစ္စည်းများကိုလည်း တင်ပို့လျက်ရှိသည်။

(အင်တာနက်)

ခုနစ်ထပ်ပါ အဆောက်အအုံတစ်လုံး တက္ကဆက်၌ လေယာဉ်ငယ်ဝင်တိုက်မိ

တက္ကဆက် ဖေဖော်ဝါရီ ၂၀

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အော်စတင်မြို့ရှိ အထပ်ခုနစ်ထပ်ပါရုံးအဆောက်အအုံတစ်လုံးကို အင်ဂျင်တစ်လုံးတပ်လေယာဉ်ငယ်တစ်စင်းက ဖေဖော်ဝါရီ ၁၈ရက်တွင် ဝင်တိုက်ခဲ့ရာ တစ်ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိသည်ဟု စီအင်န်အင်န် သတင်းတွင် ဖော်ပြသည်။

စုံစမ်းစစ်ဆေး

အဆိုပါ အဆောက်အအုံ၌ မီးအကြီးအကျယ်လောင်ကျွမ်းလျက်ရှိသည်ဟု အော်စတင် မီးသတ်ဌာနက ပြောကြားသည်။ ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုဟုတ်မဟုတ်ကို ချက်ချင်းပြောမပြနိုင်သေးကြောင်း အာဏာပိုင်များက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တာလီဘန် စစ်သွေးကြွဟု မသင်္ကာသူတစ်ဦး ဆိုးလ်မြို့တော်၌ အဖမ်းခံရ

ဆိုးလ် ဖေဖော်ဝါရီ ၂၀

လက်နက်ကိုင်သောင်းကျန်းသူအုပ်စု တာလီဘန်ဟု ယူဆရသည့် ပါကစ္စတန်နိုင်ငံသားတစ်ဦးအား တောင်ကိုရီးယား ရဲတပ်ဖွဲ့ကဖမ်းဆီးမိရာ တောင်ကိုရီးယားနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဌာနအပေါ် ထိန်းချုပ်မှုနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မှုများ များပြားလျက်ရှိကြောင်း ဒေသဆိုင်ရာ မီဒီယာသတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

ချိုးဖောက်

၎င်းပါကစ္စတန်နိုင်ငံသားသည် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ၎င်းသည် တောင်ကိုရီးယားနိုင်ငံအတွင်း တရားမဝင်ရောက်ရှိပြီး အခြားပါကစ္စတန်နိုင်ငံသားတစ်ဦး၏ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ကာ ယင်းနိုင်ငံမှ ငါးနှစ်အတွင်း ၁၇ကြိမ် ဝင်ထွက်ခဲ့ခြင်းဖြစ်ရာ လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်ရေးဥပဒေကို ချိုးဖောက်ခဲ့သည်ဟု ယွန်ဟက်သတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် ခင်းကျင်းပြသထားသော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တာဝန်ရှိသူတို့က အမှာစကား အသီးသီးပြောကြားကြပြီး အလှူရှင်များက အသင်းရန်ပုံငွေအတွက် အလှူငွေများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ပေးအပ်လှူဒါန်းကြကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။

မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ သည် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့သည် ခန်းမအတွင်းနှင့် ခန်းမအပြင်ဘက်တို့၌ ခင်းကျင်းပြသထားသော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အစည်းအဝေးကို ပြန်လည်ကျင်းပရာ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားအတည်ပြုခြင်း၊ သင်းဖွဲ့ စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းပြင်ဆင်ခြင်းကို အသင်းသားများထံမှ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြပြီး တာဝန်ရှိသူတစ်ဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ဘားအံ- ကော့ကရိတ်- မြဝတီလမ်းပိုင်း

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် ဖေဖော်ဝါရီ ၁၃ရက်က ဘားအံ- ကော့ကရိတ်-မြဝတီလမ်း ပိုင်းတစ်လျှောက်၊ တောင်ကျော်လမ်းတစ်လျှောက် လမ်းပြုပြင်ဆောင်ရွက်နေမှုနှင့် ကုန်သွယ်ရေးဇုန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဂျိုင်း(ကော့ကရိတ်)ကြိုးတံတားအနီး Pontoon တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုအားပေး

ပြည်နယ်ဥက္ကဋ္ဌသည် ဖေဖော်ဝါရီ ၁၅ရက်က ဘားအံမြို့နယ် တရုတ်လှ လျှပ်စစ်မြစ်ရေတင် ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး နွေစပါးစိုက် တောင်သူများအားတွေ့ဆုံကာ စခန်း၌လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ပင်မမြောင်း၊ လက်ခွဲမြောင်းများအတွင်း ရေပေးဝေနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တရုတ်လှကျေးရွာအနီး ဆီထွက်သီးနှံ နွေနှမ်းများ ထွန်ယက်စိုက်ပျိုးထားရှိမှုနှင့် ထပ်မံထွန်ယက်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘားကပ်လျှပ်စစ်မြစ်ရေတင်သို့ သွားရောက်၍ တောင်သူများနှင့်တွေ့ဆုံပြီး တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ ပင်မမြောင်းဘေး ဝဲယာတစ်လျှောက် နွေစပါးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အရဏ်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၇)ရပ်ကွက် အရဏ်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဋ္ဌေး၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ဆောက်လုပ်ခဲ့

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဋ္ဌေးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဟောပြောဆွေးနွေးသည်။ စာကြည့်တိုက် အတွက် လစဉ်သတင်းစာအလှူရှင်၊ ဂျာနယ်စုံအလှူရှင်များနှင့် မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က လက်ခံယူသည်။ စာကြည့်တိုက်ဆောက်လုပ်ရန် ငွေလှူဒါန်းသော အလှူရှင်များအား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါ စာကြည့်တိုက်ကို ငွေကျပ် ၁၀သိန်း အကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ကျုံတာ- ဇရပ်လှကျေးလက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ မြေသားပြုပြင် ပြီးစီးမှုနှင့် လမ်းခင်းကျောက် စုဆောင်းထားရှိမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးစံလှိုင်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးနိုင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

မီးကြွင်းမီးကျန် မရှိရန်

ကျင့်ကြံသတိ အမြဲရှိ

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၈)၌ ဒီမိုကရေစီနှင့် ဒီမိုကရေစီ တည်ဆောက်ခြင်း အထူးဆောင်းပါးနှင့်အတူ စက်သုံးဆီနှင့် ဌာနအသေးသုံး ငွေကျပ် ၉၇၄ သိန်းကျော်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုသူများ ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့် ၁၀နှစ် အသီးသီးချမှတ်ခံရ၊ ရန်ကုန်မြို့ရှိ ဈေးများအားလုံး မီးအာမခံထားမှုမရှိသောကြောင့် သဃ်န်းကျွန်းဈေး မီးအာမခံလျော်ကြေးမရနိုင်၊ မြန်မာသင်္ဘောသားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် အစွမ်းကုန် ဆောင်ရွက်သွားမည်၊ ယာဉ်လမ်းကြောင်းတွင် ယာဉ်နှစ်ထပ်ရပ်ပါက ယာဉ်မောင်းနှင့် နောက်လိုက်ကို ရာသက်ပန်ဖြုတ်ပစ်မည်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအထူး အစီရင်ခံစာ တင်သွင်းသူ မစ္စတာကွင်တားနားနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ တတိယအကြိမ် လာရောက်၊ ကိုယ်ဝန်ဆောင်များ ကြောင်ကိုင်တွယ်ခြင်းနှင့် အသည်းအမြစ်စားခြင်း လုံးဝရှောင်သင့် စသည့် ပြည်တွင်းရေးရာသတင်းများ၊ရွှေများ ထွက်ရာ ဟဲခိုန်ရွာ ဗန်းမောက်နယ်သို့လာ Myanmar Discovery၊ အဖိုးနည်း ဝန်ပါ၊ ကိုယ်စိတ်နှလုံး ကုသိုလ်ထုံးဖို့၊ တစ်ဖက်သား ကိုယ့်ဘက်ပါအောင် ဆွဲဆောင်နည်းကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ကျားစိတ် ကျားမာန် ကျားသဏ္ဍာန်ဖြင့် လောကပါလအကျိုးတရားကိုဆင်ခြင်ခြင်း အထူးနိုင်ငံတကာ သုံးသပ်ဆောင်းပါးနှင့်အတူ လောလောဆယ်တော့ လူတိုင်းဟာ ငမိုက်သားတွေပဲ၊ ဥရောပဗဟိုဘဏ် စီးပွားရေးပညာရှင်အကြီးအကဲ ဂျာဂင်စတပ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါး၊ အီရန် နျူကလီးယားနိုင်ငံဖြစ်ပြီ၊ အမျိုးသမီးတစ်ဦးက တိတ်တိတ်ပုန်းချစ်သူအား အဆိပ်ခတ်သတ်၊ နိုအော်ဒင်တော့ပ်က သမ္မတ ယူဒိုယိုနိုအား သတ်ရန်စီစဉ်ခဲ့၊ ကြောင်ချစ်သူများသည် ခွေးချစ်သူများထက် ပို၍လိမ္မာပါးနပ်၊ ဗြိတိန်တွင် အသက်မပြည့်သူ ကိုယ်ဝန်ဆောင် မိန်းကလေးအရေအတွက်တိုးပွား စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

စတင်ကူးစက်

စစ်ဆေးတွေ့ရှိချက်အရ လုံခြုံရေးမီးဝိုင်ယာကြိုး အပူချိန်လွန်ကဲရာမှ စတင်ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဆုံးရှုံးမှုကလည်း ကြီးမားလှကြောင်း၊ အထည်ဆိုင် ၂၆၂ဆိုင်၊ ကုန်မျိုးစုံဆိုင် ၃၀၅ ဆိုင်၊ သားငါးဆိုင်၄၁ဆိုင်၊ ကုန်စိမ်းဆိုင် ၂၈ဆိုင်နှင့် ရွှေဆိုင်၁၅ဆိုင် စုစုပေါင်း ဆိုင်ခန်း၆၅၁ဆိုင် မီးလောင် ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

သဃ်န်းကျွန်းဈေးကြီး မီးလောင်မှုမှသည် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၇ရက်က ဖြစ်ပွားခဲ့သော ကျိုက်ထီးရိုးဘုရားဈေး မီးလောင်မှု၊ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေး ရတနာပုံဈေး မီးလောင်မှု၊ ၂၀၀၈ခုနှစ် အတွင်း စက်တင်ဘာ ၉ရက်တွင် ဖြစ်ပွားခဲ့သော တွံတေးမြို့မဈေး မီးလောင်မှုနှင့် ဒီဇင်ဘာ ၁ရက်တွင် ဖြစ်ပွားခဲ့သော မော်လမြိုင်ဈေး မီးလောင်မှုဖြစ်စဉ် အနိဋ္ဌာရုံများကလည်း စိတ်အတွေးဝယ် စိတ်မချမ်းမြေ့ဖွယ် စီရရီမြင်ယောင်မိပြန်သည်။

မီးမောင်းထိုးပြသ

အလားတူ ၂၀၀၅ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် ဖြစ်ပွားခဲ့သော လှိုင်သာယာ ချားမင်း အထည်ချုပ်စက်ရုံ၊ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် ဖြစ်ပွား

ဒါသင့်နိုင်ငံ မီးဘေးရန် အမှန်ကင်းပါစေ

ခဲ့သော သဃ်န်းကျွန်းမြို့နယ် လင်းထက် အထည်ချုပ်စက်ရုံ၊ ၂၀၀၇ခုနှစ်အတွင်း မှာပင် ဩဂုတ် ၁၅ရက်တွင် ဖြစ်ပွားခဲ့သော လှိုင်သာယာ Friendship အထည်ချုပ်စက်ရုံ၊ အောက်တိုဘာ ၁၄ရက်တွင် ဖြစ်ပွားခဲ့သော ရွှေပြည်သာ အစာစပ်စက်ရုံ၊ အောက်တိုဘာ ၂၂ရက်တွင် ဖြစ်ပွားခဲ့သော လှိုင်သာယာ ချိုးအင်တာနေရှင်နယ် ဖိနပ်စက်ရုံနှင့် ၂၀၀၉ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဖြစ်ပွားခဲ့သော MWDC အရက်ချက် စက်ရုံအပါအဝင် စက်ရုံ၊ အလုပ်ရုံများမီးလောင်မှုကလည်း မီးဘေးအန္တရာယ်ကို မီးမောင်းထိုးပြသနိုင်သော ဖြစ်စဉ်များပါပေ။

ကြောက်မက်ဖွယ် ကောင်းလေစွ၊ နွေရာသီရောက်လေတိုင်း မြန်မာနိုင်ငံ၏ မြို့ကြီး၊ ပြကြီးများနှင့် ပြည်သူများကို အခြိမ်းခြောက်နိုင်ဆုံးဘေးမှာ မီးဘေးအန္တရာယ်ဟုပင် ဆိုရခြိမ့်မည်။

မီးလောင်မှု၏ အကြောင်းရင်းများ အနက် ပေါ့ဆမီးက ၅၇ရာခိုင်နှုန်း၊ မီးဖိုမီးက၂၅ရာခိုင်နှုန်းနှင့် လျှပ်စစ်မီးက ၁၁ရာခိုင်နှုန်းဖြစ်ပြီး မသမာသူရှို့မီး၊ တောမီးနှင့် အလိုအလျောက်မီးတို့က သုံးရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

သတိပြုလိုက်နာ

သို့မို့ကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးချက်များကို ဆောင်ရန်၊ ရှောင်ရန်များနှင့်တကွ ပြည်သူများ သတိပြုလိုက်နာတတ်စေရန် ကျွန်တော်တို့ သတင်းအဖွဲ့သည် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးသင်းဌွေးရွှေနှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

မေး- ဈေးမီးလောင်မှုကြီးတွေ ဖြစ်ပွားရတဲ့အကြောင်းရင်းများကို သိပါရစေခင်ဗျား။

ဖြေ- ကျွန်တော်တို့ လေ့လာတွေ့ရှိချက်အရတော့ သုံးစွဲသူများရဲ့ ပေါ့ဆမှုကြောင့်ဖြစ်ရတဲ့ လျှပ်စစ်ဝိုင်ယာရှော့ခ်က အများဆုံးဖြစ်ပါတယ်။ ဒါ့အပြင် မီးသတ်တပ်ဖွဲ့သို့ သတင်းပို့မှုနောက်ကျခြင်း၊ မီးလှန့်အချက်ပေးမှု စနစ်မမှန်ကန်ခြင်း၊ မီးလောင်မှု အများစုဟာ ညဉ့်နက်ပိုင်းနဲ့ အရုဏ်ဦး မတိုင်မီ အချိန်များတွင် ဖြစ်ပွားခြင်း၊ မီးလောင်မှုကို ပတ်ဝန်းကျင်သို့ အကူအညီမတောင်းဘဲ ကြိတ်၍ ငြိမ်းသတ်ခြင်း၊ ဈေးအတွင်းသို့ ဝင်သည့် တံခါးများ သော့ခတ်ထားခြင်း၊ နေကာ မိုးကာများ အခိုင်အမာ ပြုလုပ်ထားသဖြင့် မီးသတ်ကားများ ဈေးအတွင်းသို့ ဝင်၍မရခြင်း၊ ဈေးအတွင်းရှိ လောင်စာပစ္စည်းများကြောင့် မီးလောင်မှုအရှိန် ကြီးမားပြီး လျင်မြန်စွာ မီးကူးစက်ခြင်း၊ ဈေးတည်ဆောက်မှုနှင့် ဆိုင်ခန်းများတွင် ကုန်ပစ္စည်း သိုလှောင်ထားရှိမှု စနစ်တကျမရှိခြင်း၊ အရေးပေါ် မီးငြိမ်းသတ်မည့် မီးသတ်ပစ္စည်းကိရိယာများ(ရေပုံး၊ သဲပုံး၊ ရေစည်၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ လှေကား၊ အပေါ့စား မီးသတ်စက်) လုံလောက်စွာ မရှိခြင်း၊ ဈေးလုံခြုံရေးအဖွဲ့များနှင့် ဈေးသူ ဈေးသားများအား မီးသတ်ပညာပေးသင်တန်းများ ပို့ချမှု အားနည်းခြင်း၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ကို သီးသန့်ဖွဲ့စည်းထားမှု မရှိခြင်း၊ ဈေးအတွင်းနှင့် ဈေးအနီးရှိ မီးငြိမ်းသတ်နိုင်သည့် ရေလုံလောက်စွာရရှိရန် ခက်ခဲခြင်း စသည့် အချက်တွေကြောင့်လည်း ပါဝင်ပါတယ်။

မေး- ဒါဆို ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဘယ်လို ဆောင်ရွက်ရမလဲ ခင်ဗျာ။

ဖြေ- ဆောင်ရွက်ရမယ့် အချက်တွေကတော့ အများကြီးပါပဲ။ အဓိကအားဖြင့် ဈေးမီးဘေးလုံခြုံရေး စီမံချက်ကို မီးသတ်တပ်ဖွဲ့နှင့် ညှိနှိုင်းရေးဆွဲပြီး စီမံချက်အတိုင်း အကောင်အထည်ဖော်ရန်၊ အရေးပေါ်ကိစ္စများတွင် ဈေးအတွင်းသို့ လျင်မြန်စွာ ဝင်ထွက်သွားလာနိုင်ရေးအတွက် ဈေးသော့များကို မှန်ဗီရိုစနစ်ဖြင့် စနစ်တကျ ထားရှိရန်၊ လျှပ်စစ်ကြိုးသွယ်တန်းမှု၊ လျှပ်ကာပစ္စည်းများ မီးသတ်စက်၊ မီးသတ်စင်များ ထားရှိရန်၊ ဈေးသူ ဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အကြို အခြေခံမီးသတ်သင်တန်းများ ဖွင့်လှစ်ပို့ချရန်၊ မီးနှင့် လျှပ်စစ်ကို စနစ်တကျ အသုံးပြုစေရေးနှင့် ပေါ့ဆမှုမဖြစ်စေရေးအတွက် သတိပေးခြင်း၊ ညွှန်ကြားခြင်းနှင့် အရေးယူအပြစ်ပေးခြင်းတို့ဖြင့် ကြပ်မတ်သွားရန်၊ မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ မီးသတ် လေ့ကျင့်မှုများ ပြုလုပ်ခြင်း၊ ပစ်မှတ်စနစ်ဖြင့် မီးငြိမ်းသတ်ရေး၊ ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်သွားရန်၊ ရေလုံလောက်စွာ ရရှိရေးအတွက် အနည်းဆုံးရေဂါလန် ၅၀၀၀ဆံ့ အုတ်ရေကန်များ ညှိနှိုင်း တည်ဆောက်ရန်၊ ဈေးပတ်ဝန်းကျင် မီးသတ်ကား ဝင်ထွက်သွားလာနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ ဈေးမီးဘေး လုံခြုံရေးအတွက် ဈေးအရန် မီးသတ်တပ်ဖွဲ့များ စနစ်တကျ ဖွဲ့စည်းလေ့ကျင့်သွားရန်နဲ့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် စီမံချက်များ ချမှတ်ပြီး တစ်လ နှစ်ကြိမ် ဇာတ်တိုက် လေ့ကျင့်သွားရန်တို့ပဲ ဖြစ်ပါတယ်။

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောစဉ်။

အသုံးပြုမှုများတွင် စနစ်တကျ မှန်ကန်မှုမရှိပါက ချက်ချင်း ပြုပြင်စေရန်နှင့် မှတ်တမ်းထားရှိရန်၊ ဓာတ်အားလိုင်းကို ပါဝါလိုင်းနှင့် လုံခြုံရေးလိုင်းဟူ၍ နှစ်လိုင်း သီးခြားထားရှိစေပြီး ဈေးပိတ်ချိန်တွင် ပါဝါလိုင်းကို လုံးဝပိတ်သိမ်းပြီး Main ချထားရန်တို့ ဖြစ်ပါတယ်။

ဒါ့အပြင် ဈေးမပိတ်မီ ကြိုတင်သတိပေးခြင်း၊ ဈေးပိတ်ချိန်တွင် မီးဘေးလုံခြုံရေးအတွက် အစောင့်၊ မီးကင်းများ စနစ်တကျ ထားရှိရေးနဲ့ စနစ်တကျ မီးစစ်ဆေးရေးတို့ကို ဆောင်ရွက်ကြရန်၊ အရေးပေါ်မီးငြိမ်းသတ်ရေး အတွက် မီးသတ်ဆေးဘူး၊ မီးလှန့်အချက်ပေးကိရိယာ၊ အပေါ့စား

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန တိုင်းမီးသတ်ဦးစီးဌာနမှူးနှင့် တွေ့ဆုံမေးမြန်းစဉ်။

မေး- မီးသတ်ယာဉ်တစ်စီးရဲ့ ပျမ်းမျှ စွမ်းအားပမာဏက ဘယ်လောက်များ ရှိပါသလဲ ခင်ဗျာ။

ဖြေ- မီးသတ်ယာဉ်တစ်စီးမှာပျမ်းမျှ ရေဂါလန် ၇၀၀မှ ၁၀၀၀ အထိ ဝင်ဆံ့ပါတယ်။

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ်နှင့်

အဲဒီရေ ပမာဏက သုံးမိနစ်မှ ငါးမိနစ်အထိ ပက်ဖျန်းငြိမ်းသတ်နိုင်ပါတယ်။ မီးသတ်ယာဉ်များ အတွက် ရေဖြည့်ရန် အမြဲ

မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေကြစဉ်။

လိုအပ်ပါတယ်။ ဒါ့ကြောင့် ရေဂါလန် ၅၀၀၀မှ ၁၀၀၀၀ ဆံ့ အုတ်ရေလှောင်ကန်များ၊ သဘာဝရေကန်များ၊ မီးသတ်ရေစင်များ၊ မြေတွင်းရေပိုက်ခေါင်းများ၊ မီးသတ်စင်များ၊ ရေပုံး၊ သဲပုံး၊ မီးချိတ်၊ မီးကပ်၊ ရေတိုင်ကီ၊ ဂေါ်ပြား၊ အပေါ့စား မီးသတ်စက်များကို ရပ်ကွက်တိုင်း၊ လမ်းတိုင်း၊ စက်ရုံတိုင်းမှာ ထားရှိဖို့ လိုအပ်ပါတယ်။

အထပ်မြင့် လူနေအိမ် အဆောက်အအုံတွေဆိုရင် အရေးပေါ် လှေကားပိတ်ဆို့မှု မဖြစ်အောင်၊ မပျက်စီးအောင် ထားဖို့ လိုပါတယ်။ အိမ်တိုင်းမှာ လူတစ်ကိုယ်စာခံနိုင်တဲ့ ကြိုးတွေကိုလည်း ဆောင်ထားဖို့ လိုအပ်ပါတယ်။ ခေတ်မီ အထပ်မြင့် ဈေးအဆောက်အအုံများမှာ မီးသတ်ရေတိုင်ငုတ်၊ မီးသတ်ရေပိုက်ခေါင်း၊ အရေးပေါ်မီးစက်၊ အရေးပေါ် မီးထွန်းစနစ်၊ ထွက်ပေါက်သင်္ကေတ၊ ထောက်လှမ်းမှု ကိရိယာ အလိုအလျောက် ရေဖျန်းစနစ်၊ မီးသတ်သမားသုံး ဓာတ်လှေကားနှင့် မီးထိန်းသိမ်းကွပ်ကဲမှု ဌာနတို့ ပါဝင်ဖို့ လိုအပ်ပါတယ်။

မေး- မီးလောင်မှုများ လျှော့နည်းကျဆင်းစေရန် ဘယ်လိုများစီစဉ်ဆောင်ရွက်ဖို့ လိုအပ်ပါသလဲ။

ဖြေ- မီးလောင်မှုများ လျှော့နည်းကျဆင်းစေဖို့ နှစ်စဉ် မြို့နယ်အလိုက် မီးဘေး ကာကွယ်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ စီမံချက်ပါ ပစ်မှတ်စနစ်များ သတ်မှတ်၍ မီးငြိမ်းသတ်ရေး လေ့ကျင့်မှုများ ဇာတ်တိုက်ဆောင်ရွက်ခြင်း၊ နယ်မြေဒေသအလိုက် ရပ်ကွက်၊ ကျေးရွာများသို့ တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ စက်ရုံ အလုပ်ရုံများအား ပိုမိုစစ်ဆေးခြင်းနှင့် ဝန်ထမ်းများအား ပညာပေးခြင်း၊ ရပ်ကွက်အလိုက် အသံချဲ့စက်ဖြင့် နေ့၊ ည သတိပေးနှိုးဆော်မှုများ ပိုမိုဆောင်ရွက်ခြင်း၊ မီးသတိပေး ပိုစတာများစိုက်ထူခြင်း၊ သိသာမြင်သာသော နေရာများတွင် ပိုစတာများကပ်၍ ပညာပေးခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်းနှင့် ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းများသို့ သွားရောက်ပညာပေး ဟောပြောခြင်းများကို စီစဉ်ဆောင်ရွက်ပေးရပါမယ်။

မေး- ရန်ကုန်တိုင်းအတွင်း နှစ်အလိုက် ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုအကြိမ် ဘယ်လောက်ရှိပါသလဲ၊ မီးလောင်မှုများ လျှော့နည်းကျဆင်းရေးအတွက် ဘယ်လို စီစဉ်ဆောင်ရွက်ထားပါသလဲ ခင်ဗျာ။

စာမျက်နှာ ၇ ကော်လံ ၁

မီးငြိမ်းသတ်မှု လက်တွေ့ သရုပ်ပြ လေ့ကျင့်ကြစဉ်။

မီးဘေးအန္တရာယ် ပြည်သူများသိရှိလိုက်နာဆောင်ရွက်ရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်း အကြံပေး၊ ဟောပြောသရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်း၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ အောက်မြန်မာပြည် ကွပ်ကဲရေးမှူး ဦးမင်းမြင့်ဆွေ၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)နှင့် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများသိရှိလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စစ်ဆေးခြင်း၊ အကြံပေးခြင်း၊ ဟောပြောသရုပ်ပြသခြင်းနှင့် လိုက်နာဆောင်ရွက်မှု အခြေအနေများကို အကြိမ်ကြိမ်စစ်ဆေး၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ကြရေး၊ အထပ်မြင့်အဆောက်အအုံများ၌ အရေးပေါ် လှေကားထွက်ပေါက်များ တပ်ဆင်ထားရှိအသုံးပြုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ သတင်းမီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်းများကို ပိုမိုလုပ်ဆောင်ပြီး မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြူးစည်ပင်သာယာ ကျောက်ချောလမ်းခင်း

ဖြူး ဖေဖော်ဝါရီ ၂၀

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လောင်ပင်သာ-ကညင်ဒိုင်း ကျေးလက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၄ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် အမှတ် (၂၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်အကြီးစားပြုပြင်မွမ်းမံခြင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်၊ မြို့နယ်ကျောင်းပြုပြင်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၆)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မင်းသွေးနွယ်(ဇီးကုန်း)၊ နိုင်မင်းညီ(ကော့မှူး)၊ အသုတ်မောင်ဝင်းရောင်၊ စလင်းဘုန်းကျော်၊ မြတ်ဘုန်း(တပ်ကုန်း)၊ မျိုးခိုင်(မူဆယ်)၊ ချမ်းမြဆောင်း (ကလော)၊ အောင်လွင်ဦး(ရေနံချောင်း)၊ ပုသိမ်မောင်ရွှေမှူ၊ မင်းမောင်နွယ် (မွန်ဌာနီ)တို့၏ အဖွင့်ကဗျာများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တက္ကသိုလ်တင်ခ၊ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ မြင့်သိန်းအောင်၊ တက္ကသိုလ်စိုးယဉ်၊ မောင်မြင့်ကြွယ်၊ ဦးမြဝင်း၊ မောင်ကြည်သစ်ဦး၊ အောင်ဇင်၊ နီမင်းညို၊ တက္ကသိုလ်သျှင်သီရိ(မွှောစရိယ-ဘီအေ)၊ မောင်မိုးယံ၊ စိုးကိုကို(လေးမျက်နှာ)၊ စစ်ကိုင်းစိမ်းစိမ်း၊ မအေးငြိမ်း(ပခုက္ကူ)၊ မောင်ရွှေဝေး(သောင်ပြာကျွန်း)၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ မိုးပန်းမွန်(ရာမည)၊ တင်မိခိုင်၊ မီမီကို၊ ဖိုးခွား (တောင်ဇလပ်မြေ)၊ ကျော်(စက်မှု)၊ မင်းသန့်မွန် (သာယာဝတီ)၊ မောင်မြင့်ထွန်း၊ သန့်စင်လတ်(ပညာရေး)၊ ခင်မောင်လူ(ရန်ကင်း)၊ ရွှေနေမင်း၊ ဂွမ်းဖြူဇင်၊ တင်ဝင်း(ပညာရေး-မအူပင်)၊ စိုးစံ၊ စောပာန်၊ မောင်တင်ယု၊ မောင်နေမွန်၊ ကောင်းထိုက်စံ၊ စိုးခ၊ အောင်ဗဟိန်း(အင်းတော်)၊ မောင်ယဉ်မှူး၊ ငွေသဇင်(သံတွဲ)၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ ကိုကိုအောင် (မြကန်သာ)၊ မေဇွန်၊ ခန့်စည်၊ လူမွန်(ပခုက္ကူ)၊ မြင်းမူကံရင် စသူတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ဓမ္မအလင်းကဗျာပန်းခင်း၊ ဗုဒ္ဓစာဥယျာဉ်၊ ရုပ်ရှင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း၊ သတင်းကဏ္ဍအစရှိသည့် ကဏ္ဍစုံဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉-၅၃၁ စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

မီးဖို မီးကြွင်းမီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလတ်ကို ဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကိုချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

စာမျက်နှာ ၆ မှ

ဖြေ- ရန်ကုန်တိုင်းအတွင်းမှာ ၂၀၀၄ ခုနှစ်က (၄၃၂)ကြိမ်၊ ၂၀၀၅ ခုနှစ်က (၂၈၂) ကြိမ်၊ ၂၀၀၆ ခုနှစ်က (၂၈၇)ကြိမ်၊ ၂၀၀၇ ခုနှစ်က (၂၆၇)ကြိမ်၊ ၂၀၀၈ ခုနှစ်က (၁၆၁)ကြိမ်နဲ့ ၂၀၀၉ ခုနှစ် နိုဝင်ဘာလကုန်အထိ (၁၁၇)ကြိမ် မီးလောင်မှုဖြစ်ပွားခဲ့ရပါတယ်။ မီးလောင်မှုများ လျော့နည်းကျဆင်းရေးအတွက် အထက်က ပြောခဲ့တဲ့အတိုင်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

မေး- မမျှော်မှန်းနိုင်တဲ့ ဆုံးရှုံးမှု မဖြစ်ရလေအောင် ဆရာ့အနေနဲ့ ဘယ်လိုများ သတိပေးနှိုးဆော်ချင်ပါသလဲ ခင်ဗျာ။

ဖြေ- အိမ်တစ်အိမ်မှာ လူ ငါးဦးရှိရင် ငါးဦးစလုံး သတိရှိပါ။ ရပ်ကွက်တစ်ခုမှာ အိမ် ၁၀၀ ရှိရင် အိမ် ၁၀၀ လုံး သတိရှိပါ။ စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနတွေမှာ ဝန်ထမ်းအားလုံး သတိရှိပါ။ အားလုံးသတိရှိမှ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးမယ်၊ မမျှော်မှန်းနိုင်သည့် ဆုံးရှုံးမှု မဖြစ်ရလေအောင် အားလုံးသတိရှိကြပါလို့ ပြောချင်ပါတယ်။ ဒါ့အပြင် မီးဘေးရှောင် မလောင်ခင် တားနိုင်ဖို့ မီးသတ်စင်များ ပြုလုပ်ထားပါ။ မီးသတ်ဆေးဘူး ထားရှိသုံးစွဲတတ်အောင် လေ့ကျင့်ထားပါ။ လောင်စာနှင့် ပစ္စည်းများကို စနစ်တကျ သိုလှောင်ပါ။ TV ပေါ်တွင် ဖယောင်းတိုင်မီး မထွန်းပါနဲ့။ အဝတ်အစားတွေပေါ်မှာ လျှပ်စစ်မီးပူကို တင်မထားရ၊ လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပါ။ ပလတ်ဖြုတ်ပါ။ မီးစက်များနိုးထားစဉ် ဆီမဖြည့်ရ။ ဓာတ်ဆီဖြည့်နေစဉ် ဖယောင်းတိုင် မီးမသုံးရ၊ ခြင်ဆေးခွေများကို အိပ်ရာအနီး မထွန်းရ၊ ခြင်ဆေးခွေများကို အောက်ခံပြားနှင့် ထွန်းပါ။ မီးအားမြှင့်စက်နှင့် Inverter များကို ညအိပ်လျှင်၊ လူမရှိလျှင် ပိတ်ထားပါလို့ သတိပေးလိုပါတယ်။

မေး- ခြင်ဆေးခွေတွေ အိပ်ရာအနီး မထွန်းရဆိုလို့ တစ်ခါက မီးခိုးအန္တရာယ်ကြောင့် မိသားစုလိုက် အသက်ဆုံးရှုံးကြတာ သတိရမိပြီး စိတ်မကောင်းဖြစ်ရပါတယ် ဆရာ။ ဒါ့ကြောင့် မီးခိုးအန္တရာယ်နဲ့ ကြုံတွေ့ရင် လိုက်နာ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကိုလည်း သိပါရစေ ခင်ဗျာ။

ဖြေ- မီးခိုးအန္တရာယ်နဲ့ ကြုံတွေ့ရင် ပထမဆုံး စိတ်ကိုတည်ငြိမ်စွာ ထိန်းပြီး ကြမ်းပြင်ပေါ်သို့ မှောက်ချပါ။ မိသားစုဝင်အားလုံး သိရှိအောင် အော်ဟစ် အကြောင်းကြားပါ။ တံခါးပေါက်သို့ လေးဖက်ထောက် (သို့မဟုတ်) မိကျောင်းတက်အနေအထားဖြင့် အမြန်ထွက်ခွာပါ။ မိသားစုအားလုံး အပြင်သို့ ရောက်လျှင် တံခါးပြန်ပိတ်ပါ။ လွတ်မြောက်နေရာသို့ အမြန်ထွက်ခွာရင်း ပတ်ဝန်းကျင်မှ သိရှိအောင် အကြောင်းကြားပါ။ မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားပါ။ ဒီအချက်တွေကို သတိပြုလိုက်နာဖို့လိုအပ်ပါတယ်။ မီးခိုးအန္တရာယ်ကြောင့် အချိန်နှစ်မိနစ်အတွင်းမှာပဲ အသက်ဆုံးရှုံးနိုင်ပါတယ်။

မေး- မီးလောင်မှု အကြောင်းအရင်းများထဲမှာ မီးဖိုမီး လောင်ကျွမ်းမှုက ၂၅ ရာခိုင်နှုန်းလို့ သိရပါတယ်။ အခုခေတ် မီးဖိုချောင်များမှာ မီးဖိုချောင်သုံး ဂက်စ်အိုးတွေကို အသုံးများလာတာ တွေ့ရပါတယ်။ ဂက်စ်အိုး မီးလောင်မှု ငြိမ်းသတ်ပုံကိုလည်း သိပါရစေ ခင်ဗျာ။

ဖြေ- မီးဖိုချောင်သုံးဂက်စ်အိုးများကို ပိုက်ပြုတ်ထွက်၍သော် လည်းကောင်း၊ ပိုက်ပေါက်၍သော် လည်းကောင်း မီးလောင်ခဲ့ရင် မီးတောက်ထွက်သည့် နေရာကို ရဲရဲတင်းတင်း လက်ဖြင့် ပိတ်လိုက်ခြင်းဖြင့် မီးငြိမ်းစေနိုင်ပါတယ်။ အားလုံးကိုလည်း အမြန်ပိတ်ရပါမယ်။

အထက်ပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်၊ သတိပေးချက်များက မိဘပြည်သူများအတွက် များစွာအဖိုးအနဂ္ဃ ထိုက်တန်လှပေသည်။ လောကတွင် မရှိတာထက် မသိတာကပို၍ ခက်လှသည်။ သို့မို့ကြောင့် ကျွန်တော်တို့ကို စိတ်ရှည်လက်ရှည် ရှင်းပြပေးခဲ့သော တိုင်းမီးသတ်ဦးစီးဌာနမှူးအား များစွာကျေးဇူးတင်မိပေသည်။

ကြားယောင်နေဆဲ

ထို့အတူ မီးလောင်မှု၏ အကြောင်းရင်းများအနက် ''ပေါ့ဆမီး''က အများဆုံး ဟူသည့် စကားသံကိုလည်း အပြန်လမ်းဝယ် ကြားယောင်နေဆဲပင်။

''ပေါ့ဆမီး''၊ ဃရာဝါစွော၊ ဗဟုကိစ္စော ဆိုသည့်နှယ် ကိစ္စများမြောင်လူတို့ ဘောင်ဝယ် ကျွန်တော်တို့သည် အရာရာတိုင်း နီးနီးကို ပေါ့ပေါ့ဆဆ ဖြင့်သာ နေလွယ်တတ်ကြသည်။ မီးလောင်မှုဖြစ်ပါ မှ မီးဘေးအန္တရာယ်ကို သတိပြုမိကြပြီး ကြာလျှင် ပေါ့ပေါ့ဆဆ၊ မေ့မေ့ပျောက်ပျောက် ဖြစ်မြဲဓမ္မတာအတိုင်း ဘဝသံသရာခရီးကို ဆက်မြဲပင်။

ဘေးကိုကြိုတင်မြင်တတ်ကြ

ပညာရှိ သူတော်ကောင်းတို့ကား ဘေးကိုကြိုတင်မြင်တတ်ကြ၏။ သို့မို့ကြောင့် ကျွန်တော်တို့သည် အထက်ပါ မီးလောင်မှုဖြစ်စဉ်များကို သင်ခန်းစာယူ၍ ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သော ကာလဝယ် အဂ္ဂိတောဝါ၏ အန္တရာယ်ကို အထူးသတိပြုကြရန် နှိုးဆော်တင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ဥပဒေပညာ First to Fifth Batch B.A(Law)LL.B ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၈ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာရှိ မွန်တိုင်းရင်းသားနေအိမ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အထက(၃)စမ်းချောင်း မြတ်ဆရာပူဇော်မည်

အထက(၃)စမ်းချောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

စာပေဗိမာန် စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု(ဝတ္ထုရှည်) ပထမဆုရ သုသိဏ်း ရေးသားသည့် မြမြစ်နဒီစာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်ရာ ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၀၁-၂၄၉၀၃၁၊ ၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားများလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်သည်။

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အမှတ်(၁) စက်မှုဝန်ကြီးဌာနမွှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် ၈၀နှင့်အထက် အသင်းဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများစာရင်းကို ဖေဖော်ဝါရီ ၂၈ရက်မတိုင်မီ ဖုန်း-၆၉၅၆၄၂၊ ၆၄၁၆၇၉နှင့် ၅၂၇၃၄၅တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

နွေဦးအကြို စာပေလောက စာအုပ်ရောင်းပွဲ

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ စာပေလောက(၅) စာအုပ်အရောင်းဆိုင်၌ ဇော်စာပေ၏ နွေဦးအကြို စာအုပ်ရောင်းပွဲကို ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရောင်းချပေးလျက်ရှိသည်။

ကော့မှူး အထက မြတ်ဆရာပူဇော်မည်

ကော့မှူးမြို့ အစိုးရအထက်တန်းကျောင်း၌ ၁၉၅၃ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမများအား အဋ္ဌမ အကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် အမှတ်တရ တွေ့ဆုံပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့)တွင် ပြည်တော်သာ အမက (ယခင် အထက ကျောင်းဟောင်း)၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလက(၉) အင်းစိန် မြတ်ဆရာပူဇော်ပွဲ

အလက(၉)အင်းစိန် [ယခင်စိန့်ဂျော့(ချ်)]၌ ၁၉၆၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ပညာသင်ကြားပေးပြီး အသက် ၆၀ပြည့် အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

နွေရာသီ ပန်းချီသင်တန်း တက်ရောက်နိုင်

အသက် ငါးနှစ်မှ ၁၄နှစ်အထိ လူငယ်များအတွက် နွေရာသီ ပန်းချီသင်တန်းကို River Art မှ မတ် ၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက ဖုန်း-၀၉-၅၀-၉၁၈၇၃သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

စက်မှုလက်မှု အထက(၁) အာစရိယပူဇော်မည်

စက်မှုလက်မှု အထက(၁) ရန်ကုန်၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်း ကန်တော်ကြီးဗိုလ်ချုပ်ပန်းခြံရှိ ရှိုင်ရယ်ဂါးဒင်းစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသမီး စက်ချုပ်သင်တန်း တက်ရောက်နိုင်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က အခြေခံအမျိုးသမီး စက်ချုပ်သင်တန်းကို မတ် ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်လိုသူများသည် အမှတ် (၁၀၁) စက်ရုံလမ်း သာယာကုန်း ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၃၂၈၉သို့ ဆက်သွယ်စာရင်းသွင်း တက်ရောက်နိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စက်မှုသင်တန်းကျောင်း (သာဂရ)ရှိ ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်မှုသင်တန်းဌာနကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

** ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ်အား အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက စက်ရုံယာယီရှင်းလင်းဆောင်၍ စက်ရုံဧရိယာနှင့် အကွက်ချပုံ၊ စက်ရုံဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ စက်ရုံ၏ အခြေခံအချက်အလက်များ၊ ထုတ်လုပ်မှုစွမ်းအားနှင့် စံချိန်စံညွှန်း၊ အဓိကကုန်ကြမ်းလိုအပ်မှုနှင့် ရရှိမှု၊ သွင်းအားစုလိုအပ်ချက်နှင့် ရရှိမှု၊ တပ်ဆင်ထားသည့် စက်ပစ္စည်းများ၊ ဘိလပ်မြေထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြိုတင်စီမံဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်များ စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီရေးအတွက် လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိလပ်မြေစက်ရုံ (နေပြည်တော်)ရှိ ပင်မထိန်းချုပ်ခန်း၊ ဖိအားစမ်းသပ်ခန်း၊ မီးသင်းဖို၊ အအေးခံစက်၊ ကုန်ချောကြိတ်စက်၊ အိတ်သွတ်စက်၊ အိတ်ချုပ်စက်၊ ဘိလပ်မြေကုန်ထုတ်ဌာနများအတွင်း လုပ်ငန်းများ စမ်းသပ်လည်ပတ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ အရှေ့ဘက် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးမှ ကိုးမိုင်ခန့်အကွာ တောင်ဖီလာ၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် မက်(စ်)ဘိလပ်မြေစက်ရုံ(တောင်ဖီလာ)သို့ ရောက်ရှိကြပြီး စက်ရုံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ မီးသင်းဖို၊ ကုန်ကြမ်းကြိတ်စက်၊ ထုံးနှစ်ရည်သိုလှောင်ကန်၊ ထုံးနှစ်ရည်မွှေကန်၊ ကျောက်မီးသွေးစုဆောင်းထားမှု၊ ပီနံအိတ်စက်ရုံ၌ ပလတ်စတစ် ချည်မျှင်ထုတ်လုပ်မှု၊ ရက်ကန်းစင်များဖြင့် ပတ်လည်အိတ်ရက်လုပ်မှု၊ ပလတ်စတစ် ထပ်ပိုးလွှာတင်နေမှု၊ အိတ်ချုပ်စက်၊ အိတ်သွတ်စက်ရုံများအတွင်း လုပ်ငန်းများ အဆင့်ဆင့် စမ်းသပ်လည်ပတ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ရုံးနှင့် အုပ်ချုပ်ရေးအဆောက်အအုံ တည်ဆောက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး သာဂရမြို့ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း မြေထိုး၊ မြေတူးယန္တရားထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချ[...] အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ[...] ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်[...]

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂ[...] ဂဟေလုပ်ငန်းများဆောင်ရွက်နေမှု၊ သီးနှံကြ[...] ထုတ်လုပ်ထားမှုကိုလည်းကောင်း၊ ဆေးသုတ်အလုပ်[...] သည့် မြေတူးယန္တရားများ၊ မြေညှိ၊ မြေတူးနှစ်မျိုး[...] စက်များအား ဆေးသုတ်ပြီးစီးမှုနှင့် ဆေးမှုတ်နေမှု[...] စစ်ဆေးသည်။

ထုတ်လုပ်ထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် [...] ထုတ်လုပ်မှုစက်ရုံသို့ရောက်ရှိပြီး ပုံထောင်းအလုပ်[...] တပ်ဆင်အလုပ်ရုံများ၌ လုပ်ငန်းများဆောင်ရွက်နေ[...] သည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှု[...]

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် [...] ဂျင်နရေတာထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး [...] စက်ပစ္စည်းများ တပ်ဆင်နေမှုနှင့် ထုတ်လုပ်ထာ[...] ကြည့်ရှုစစ်ဆေးသည်။

သက်ဆိုင်ရာ စက်ရုံများ၌ နိုင်ငံတော်ဝန်ကြ[...] ဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တာဝန်ရှိသူများက လို[...]



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သာဂရမြို့ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဘက်စုံသုံး ဒီဇယ်အင်ဂျင် ကြည့်ရှုစစ်ဆေးစဉ်။

မက်(စ်) ဘိလပ်မြေ စက်ရုံ

မက်(စ်) ဘိလပ်မြေ စက်ရုံ (တောင်ဖီလာ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၁ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂဟေအလုပ်ရုံသို့ ရောက်ရှိပြီး ဂဟေလုပ်ငန်းများဆောင်ရွက်နေမှု၊ သီးနှံကြာရှည်သိုလှောင်ကန် (Silo) ထုတ်လုပ်ထားမှုကိုလည်းကောင်း၊ ဆေးသုတ်အလုပ်ရုံ၌ စက်ရုံမှ ထုတ်လုပ်ထားသည့် မြေတူးယန္တရားများ၊ မြေညှိ၊ မြေတူးနှစ်မျိုးသုံး ယန္တရားများ၊ လမ်းကြိတ်စက်များအား ဆေးသုတ်ပြီးစီးမှုနှင့် ဆေးမှုတ်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံသို့ရောက်ရှိပြီး ပုံထောင်းအလုပ်ရုံ၊ သံရည်ကျိုအလုပ်ရုံ၊ စက်တပ်ဆင်အလုပ်ရုံများ၌ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စက်ရုံမှ ထုတ်လုပ်ထားသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး ပစ္စည်းတပ်ဆင်အလုပ်ရုံတွင် စက်ပစ္စည်းများ တပ်ဆင်နေမှုနှင့် ထုတ်လုပ်ထားသည့် ဂျင်နရေတာများကို ကြည့်ရှုစစ်ဆေးသည်။

သက်ဆိုင်ရာ စက်ရုံများ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စက်မှုသင်တန်းကျောင်း (သာဂရ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စက်မှုသင်တန်းကျောင်း(သာဂရ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံတွင် (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်နှင့် အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း မြေထိုး၊ မြေတူးယန္တရား ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သည့် မြေတူး ယန္တရားစက်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘိလပ်မြေစက်ရုံ (နေပြည်တော်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက တည်ဆောက်နေသည့် ဘိလပ်မြေစက်ရုံ(နေပြည်တော်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်တွေ့ခန်းများ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်မှုသင်တန်းကျောင်း(သာဂရ) သို့ရောက်ရှိပြီး စက်ရုံပစ္စည်း ပညာသင်တန်းဌာန၊ ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်မှုသင်တန်းဌာန၊ လျှပ်စစ်ပညာသင်တန်းဌာနနှင့် အီလက်ထရွန်နစ်ပညာသင်တန်းဌာနတို့ရှိ သင်ကြားခန်းများနှင့် လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွင်အလုပ်ရုံ၌ သံဖြတ်၊ သံခုတ်၊ သံစားလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီး ဦးဌေးဝင်းအောင်က လိုက်လံရှင်းလင်းပြသသည်။

အကျိုးရှိစွာအသုံးပြု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သင်ထောက်ကူပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုရန်၊ နိုင်ငံတော်က အားထားရသည့် အရည်အချင်းပြည့်ဝသော စက်မှုနှင့် အတတ်ပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းရေး လေ့ကျင့်သင်ကြားပေးရန် မှာကြားပြီး ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ရေရရှိရေးဆောင်ရွက်မှု မြို့တော်ဝန် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး စံပြကျေးရွာအုပ်စု မြရတနာမြို့သစ်နှင့် ပုလဲမြို့သစ် (၃)ရပ်ကွက်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ ဖူလုံစွာရရှိရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅:၀၅	MRTV-4 သတင်း
၆:၀၀	**မငြိမ်မလှုပ်ကူးနည်း** တရားတော် ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	ဗီဒီယိုပြခန်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၈)
၈:၃၀	Sports World (Sunday Special)
၈:၄၅	ရိုးသေထိုက်စွာမြတ်ဆရာ
၉:၀၅	Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၉:၂၅	Sunday Talk မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)
၁၀:၂၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ကော်ကြွက် ကွက်ကျော်**
၁၀:၅၀	Activities in the City (AVON မိတ်ဆက်ပွဲအခမ်းအနား)
၁၁:၁၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၇)
၁၁:၄၀	ရိုးသေထိုက်စွာမြတ်ဆရာ
၁၂:၁၀	Vancouver 2010 Olympic Winter Games
၁:၀၀	**မငြိမ်မလှုပ်ကူးနည်း** တရားတော် ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပမ်း (ရုပ်ချမ်းသာတာ ကောင်းတယ်၊ စိတ်ချမ်းသာတာကောင်းတယ်)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၈)
၄:၁၀	Activities in the City (AVON မိတ်ဆက်ပွဲအခမ်းအနား)
၄:၃၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခ ဒေါက်တာချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ)
၄:၅၅	ပင်လယ်ပြင်ကိုသက်သေတည် ငွေကြယ်ပွင့်များ အားမာန်ချီ
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (မျိုးထက်)
၇:၀၀	ဗီဒီယိုပြခန်း
၇:၂၀	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၂၅	Barclays Premier League (Aston Villa VS Burnley)
၁၀:၃၀	Barclays Premier League (Wigan VS Tottenham)
၁၂:၃၀	စကားနပမ်း (ရုပ်ချမ်းသာတာ ကောင်းတယ်၊ စိတ်ချမ်းသာတာကောင်းတယ်)
၁:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၈)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Aston Villa - Burnley	Star Sports (Live)
၉:၂၅	Man City-Liverpool	ESPN(Live)
၁၀:၃၀	Wigan - Tottenham	Star Sports (Live)

ပုဗ္ဗသီရိ ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ပုဗ္ဗသီရိမြို့တွင် ပုဗ္ဗသီရိ ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ရေးနှင့် လာမည့် မတ်လ ၁ရက်မှစ၍ မော်တော်ဆိုင်ကယ် ရက်တိုယာဉ်မောင်းသင်တန်းဖွင့်လှစ်ရေး ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၈နာရီခွဲတွင် အဆိုပါ ယာဉ်မောင်းသင်တန်းကျောင်း သင်တန်းရုံးခန်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ပြောကြား

ရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ပြည်တွင်းသတင်းဂျာနယ် သတင်းထောက်များ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(နေပြည်တော်) ခရိုင်ဦးစီးမှူး ဦးကျော်စိန်က သင်တန်းကျောင်း ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်သင်ကြားမည့် သင်တန်းအမျိုးအစားများနှင့် ဦးစွာဖွင့်လှစ်မည့် မော်တော်ဆိုင်ကယ် ရက်တို ယာဉ်မောင်းသင်တန်းတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ဖွင့်လှစ်မည်

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့ ရွာသာကြီးတွင် ရွှေမြင်သာ ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ထားရှိပြီး နေပြည်တော်တွင်လည်း ဒေသလိုအပ်ချက်အရ ပုဗ္ဗသီရိယာဉ်မောင်းသင်တန်းကျောင်းကို ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းအမျိုးအစားများမှာ ယာဉ်မမောင်းတတ်သူများအတွက် အခြေခံယာဉ်မောင်းသင်တန်း၊ ယာဉ်မောင်းတတ်ပြီးသူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိနားလည်လိုက်နာရေးအပြင် ယာဉ်ကိုင်တွယ်ထိန်းသိမ်းမှု ပိုမိုကျွမ်းကျင်လာရေး အထူးမွမ်းမံသင်တန်းနှင့် မော်တော်ဆိုင်ကယ် ရက်တိုယာဉ်မောင်းသင်တန်းများ ဖြစ်သည်။

ရှင်းလင်းဆွေးနွေး

မော်တော်ဆိုင်ကယ် မောင်းနှင်ခွင့်(က) လိုင်စင် ဖြေဆိုမည့်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိနားလည်လိုက်နာရေးနှင့် စနစ်တကျ မောင်းနှင်တတ်ရေးအတွက် မော်တော်ဆိုင်ကယ်ရက်တို ယာဉ်မောင်းသင်တန်းကို တက်ရောက်ရမည်ဖြစ်သည်။ အဆိုပါသင်တန်းဆင်းလက်မှတ် ရရှိပြီးသူများကိုသာ စိစစ်ဖြေဆို၍ (က)လိုင်စင် ထုတ်ပေးသွားမည်ဖြစ်သည်။ မော်တော်ဆိုင်ကယ် ရက်တိုယာဉ်မောင်းသင်တန်းကို ဝန်ကြီးဌာန၊ ဒေသအာဏာပိုင်နှင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် လာမည့် မတ် ၁ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးက ရှင်းလင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

ဆေးပညာသတင်းဆန်းများ (၆)

တစ်နေ့ထက်တစ်နေ့ ထူးခြားလာသည့် ဆေးပညာသတင်းဆန်းတွေက အံ့မခန်းစရာပင်။ ကနေဒါနိုင်ငံမှ ခွဲစိတ်ဆရာဝန်တစ်စု၏ လုပ်ရပ်ကိုလည်း ကြည့်ကြပါဦး။ အမိဝမ်းတွင်းမှ မမွေးသေးတဲ့ ကလေးမှာ တွေ့ရှိနေရသည့် နှလုံးရောဂါကို ယင်းကလေးမမွေးခင် အမိဝမ်းတွင်းမှာပင် အောင်မြင်စွာ ခွဲစိတ်ကုသလိုက်နိုင်သည်ဆိုသော သတင်းပါ။ ကိုယ်ဝန်ထဲက ကလေးဟာ ၃၁ပတ်သားအရွယ်ပဲ ရှိပါသေးတယ်။ အဲဒီကလေးရဲ့ နှလုံးထဲက (Aortic Value) ထဲကို Balloon Catheter ထည့်ပြီး ခွဲစိတ်ပေးခဲ့ကြတာပါ။ ဒီလို ထည့်ပေးခြင်းဖြင့် မွေးရာပါ နှလုံးရောဂါနဲ့ နှလုံးရပ်ပြီး သေဆုံးရမယ့် အဖြစ်က ကလေးကို ကာကွယ်လိုက်ကြပါတယ်။ ဒါကို လုပ်လိုက်တာကတော့ ကနေဒါနိုင်ငံ Mount Sainai ဆေးရုံနှင့် Hospital for Sick Children (Sick Kid) ဆေးရုံက ဆရာဝန်တွေက ခွဲစိတ်ပေးလိုက်ကြတာ ဖြစ်ပါတယ်။

ဒီခွဲစိတ်မှုမျိုးကို ကမ္ဘာတစ်ဝန်းမှာ စမ်းသပ်ပြီး အနည်းငယ်သာ လုပ်ဖူးကြသေးတာပါ။ ကနေဒါနိုင်ငံအတွက် ဒါဟာပထမဆုံး ခွဲစိတ်မှုပါပဲ။ ဒါပေမယ့် အခုခွဲစိတ်မှု အောင်မြင်တာကြောင့် နောက်မွေးရာပါ နှလုံးရောဂါပါလာမယ့် ကလေးတွေအတွက် ကျယ်ကျယ်ပြန့်ပြန့် ခွဲစိတ်ပေးနိုင်တော့မယ်လို့ သိရပါတယ်။

အခု ၂၀၁၀ခု နှစ်ဆန်းမှာ ထွက်ပေါ်လာတဲ့ ဆေးပညာသတင်းတွေကလည်း ဝမ်းသာစရာပါ။ အဲဒီအထဲက အများသိစေချင်တဲ့ သတင်းတွေကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်လိုက်တဲ့ အစီရင်ခံစာထဲက သတင်းတွေပါပဲ။ ကမ္ဘာတစ်ဝန်း အသေအပျောက် အများဆုံးလောက်ဖြစ်နေတဲ့ ငှက်ဖျားနှင့် အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးရတဲ့နှုန်းဟာ ပြီးခဲ့တဲ့နှစ်အတွင်းမှာ တစ်ဝက်ကျော်လောက် ကျဆင်းသွားတယ်ဆိုတဲ့ သတင်းပါပဲ။

အဲဒီအစီရင်ခံစာမှာ ငှက်ဖျားရောဂါကတော့ အာတီမိသာဆေးကို အသုံးများတာရယ်၊ ဆေးခြင်ထောင်ကို အသုံးများတာကြောင့် ဒီလိုကျဆင်းသွားရတာလို့ ဖော်ပြထားပါတယ်။ အေအိုင်ဒီအက်စ်ရောဂါမှာလည်း လူအများစုဟာ ကွန်ဒုံးအသုံးပြုတာများလာမှု၊ အေအိုင်ဒီအက်စ်ရောဂါမှာကုသတဲ့(ART) ဆေးရဲ့ ဆေးစွမ်းထက်မှုနဲ့ ၄င်းဆေးတွေကို ဆင်းရဲတဲ့နိုင်ငံတွေမှာပါ အသုံးပြုလာနိုင်မှုတွေကြောင့်လို့ ဖော်ပြထားပါတယ်။ ယခု စမ်းသပ်အသုံးပြုနေဆဲဖြစ်တဲ့ အေအိုင်ဒီအက်စ်ရောဂါကာကွယ်ဆေး (AIDS VACCINES) တွေရဲ့ အကျိုးသက်ရောက်မှုကြောင့်လည်းဖြစ်တယ်လို့ သိရပါတယ်။ ကုရာနတ္ထိဆေးမရှိလို့ ထင်ခဲ့ရတဲ့ အေအိုင်ဒီအက်စ်ရောဂါကိုလည်း ဆေးပညာအောင်မြင်မှုတွေက တစ်ပိုင်းတစ်စ ကျော်လွှားနိုင်ခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

နောက်ဆေးပညာဆိုင်ရာ သတင်းတစ်ပုဒ်ကတော့ ကင်ဆာရောဂါစမ်းသပ်မှုနဲ့ ကုသမှု အပိုင်းပါပဲ။

ဖေဖော်ဝါရီလ၄ရက်နေ့မှာ ကျရောက်တဲ့ ကမ္ဘာ့ကင်ဆာရောဂါတိုက်ဖျက်ရေးနေ့မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အစီရင်ခံစာတစ်စောင် ထုတ်ဝေခဲ့ပါတယ်။ အဲဒီအစီရင်ခံစာမှာ ၂၀၀၅ ခုနှစ်က ကမ္ဘာတစ်လွှားမှာ ကင်ဆာရောဂါနဲ့သေဆုံးခဲ့ကြတဲ့ လူဦးရေဟာ ၇ ဒသမ၆သန်းကျော်ရှိခဲ့တယ်လို့ အစီရင်ခံထားပါတယ်။ နောက်ပြီး ကင်ဆာရောဂါကာကွယ်ရေးအတွက် အဓိက အကျဆုံး လိုအပ်ချက်လေးခုကိုလည်း မီးမောင်းထိုးပြထားပါတယ်။ အဲဒီ လေးချက်ကတော့-

(၁) ဆေးလိပ်လုံးဝမသောက်ရေး၊

(၂) ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်ကိုသာ သုံးဆောင်ရေးနှင့် ကိုယ်ကာယလေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ရေး၊

(၃) အရက်အလွန်အကျွံမသောက်ရေး၊

(၄) ကင်ဆာဖြစ်စေတတ်တဲ့၊ ကူးစက်တတ်တဲ့ရောဂါများ မဖြစ်အောင် ကာကွယ်ရေးတို့ ဖြစ်ပါတယ်။

ဒီနံပါတ် (၄)အနေနဲ့က ဥပမာ အမျိုးသမီးများမှာဖြစ်တတ်တဲ့ သားအိမ်ခေါင်းကင်ဆာ၊ ယောကျ်ားတွေမှာဖြစ်တတ်တဲ့ လိင်တံကင်ဆာရောဂါတွေဟာ Human Papilloma Virus လို့ခေါ်တဲ့ ရောဂါပိုးတစ်မျိုး ကူးစက်ခံရပြီးမှ ဖြစ်တတ်တဲ့ ရောဂါမျိုးမို့ ဒီရောဂါမျိုးမဖြစ်အောင် ကာကွယ်ဆေး သို့မဟုတ် ကွန်ဒုံးအသုံးပြုဖို့ လိုအပ်တယ်ဆိုတာမျိုးပါပဲ။

အဲဒီအစီရင်ခံစာမှာ ဖော်ပြထားတာကတော့ အဆုတ်ကင်ဆာဖြစ်ရသူအားလုံးရဲ့ ၈၀ရာခိုင်နှုန်းမှ ၉၀ရာခိုင်နှုန်းဟာ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ရတယ်ဆိုတာပါပဲ။ ဒါ့အပြင် ကင်ဆာကြောင့် သေဆုံးရသူအားလုံးရဲ့ ၃၀ရာခိုင်နှုန်းဟာလည်း ဆေးလိပ်ကြောင့်ပဲ ဖြစ်ရတာပါတဲ့။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဆေးလိပ်ကြောင့် သေဆုံးရတဲ့ ကင်ဆာဝေဒနာရှင်တွေထဲမှာ အဆုတ်ကင်ဆာ တင်မက ပါးစပ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာအိမ်အပေါ်ပိုင်းနှင့် အစာအိမ်ကင်ဆာတို့လည်း ပါဝင်ပါတယ်။

နောက်တစ်ချက် ဖော်ပြထားတာကတော့ အဝလွန်ကဲမှုပါပဲ။ ကိုယ်ခန္ဓာ အဝလွန်ကဲမှုနှင့်ပတ်သက်ပြီး အသားတွေ များများစားမယ့်အစား နေ့စဉ် အသားနည်းနည်းနှင့် အသီးအနှံ ဟင်းသီးဟင်းရွက်တွေ များများစားဖို့ ကိုယ်ခန္ဓာအလေးချိန်ကို ကိုယ့်အရပ်နဲ့သင့်တော်သလောက်ထားဖို့၊ လေ့ကျင့်ခန်း မှန်မှန်လုပ်ဖို့ အကြံပြုထားပါတယ်။

ခုနပြောခဲ့တဲ့ ကင်ဆာဖြစ်စေတတ်တဲ့ ကူးစက်ရောဂါပိုးတွေထဲမှာ သားအိမ်ခေါင်း၊ လိင်တံကင်ဆာတွေအပြင် အသည်းကင်ဆာရောဂါဖြစ်စေတတ်တဲ့ Hepatitic B,C ရောဂါတွေကိုလည်း ကာကွယ်ထားဖို့လိုကြောင်း၊ ဒါတွေ ကာကွယ်နိုင်ရင် ကင်ဆာရောဂါရဲ့ သေပျောက်နှုန်းဟာ ၂၂ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း ဖော်ပြထားပါတယ်။

ကမ္ဘာတစ်လွှားက လူရှစ်ယောက်သေတိုင်း တစ်ယောက်ဟာ ကင်ဆာရောဂါကြောင့်ဖြစ်ပြီး အေအိုင်ဒီအက်စ်ရောဂါ၊ အဆုတ်ရောဂါ၊ ငှက်ဖျားရောဂါ သုံးခုပေါင်းကြောင့် သေဆုံးရတဲ့လူဦးရေထက် များနေကြောင်းထောက်ပြထားပါတယ်။ ခြုံပြီးပြောရရင် အပေါ်ကဖော်ပြထားတဲ့ အချက်ကြီး လေးချက် အတိုင်းသာ လိုက်နာကြရင် ကင်ဆာရောဂါကြောင့် သေဆုံးရတဲ့နှုန်းကို ၄၀ရာခိုင်နှုန်း ကျဆင်းသွားအောင် ဆောင်ရွက်နိုင်ကြောင်းနှင့် ဒါတွေကိုသတိမထားဘဲ ဘာသိဘာသာ နေကြမယ်ဆိုရင်တော့ ကင်ဆာရောဂါကြောင့် ယခု လူ ၇ ဒသမ ၆သန်း သေဆုံးရတာကနေ ၂၀၃၀ ခုနှစ်မှာ လူဦးရေ ၁၇သန်းကျော် သေဆုံးနိုင်ဖွယ်ရှိတယ်လို့ ထောက်ပြထားပါတယ်။

ဒေါက်တာကံညွန့်

ကင်ဆာရောဂါနဲ့ ပတ်သက်လာရင် ကင်ဆာရောဂါကို ကုနေတဲ့ ကင်ဆာ ဆရာဝန်ကြီးတစ်ယောက်ရဲ့ အဖြစ်ကလည်း စိတ်ဝင်စားစရာပါ။ Dr.Bernal ဆိုတဲ့ ဖိလစ်ပိုင်-အမေရိကန်စပ် ဆရာဝန်ကြီးဟာ အသက် (၆၀) ရှိပါပြီ။ သူဟာ ကင်ဆာရောဂါကုသမှုအတွက် နည်းလမ်းကောင်းတွေကို ရှာဖွေရင်း သူပါ ကျောက်ကပ်ကင်ဆာကို ခံစားရပါတော့တယ်။ ၂၀၀၀ခုနှစ်က သူ့မှာ ကင်ဆာရှိပြီဆိုတာ Diagnose လုပ်တဲ့အချိန်မှာ သူဟာ အမေရိကန်နိုင်ငံ Los Angeles မြို့က VA Health System ကင်ဆာစင်တာမှာ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်နေဆဲ အချိန်ပါ။ ပထမဦးစွာ သူဟာ Chemotherapy ဆိုတဲ့ ဆေးဝါးတွေနဲ့ ကုသနည်းနဲ့ ကုကြည့်ပါတယ်။ ဒါပေမဲ့ မအောင်မြင်တော့ နောက်ဆုံးမှာ Dendritc Cell Therapy လို့ခေါ်တဲ့ (Virus) ပိုးကို ကင်ဆာကျိတ်ထဲ ထိုးသွင်းကုသနည်းကို အသုံးပြုလိုက်ပါတယ်။ အဲဒီနည်းနဲ့ကုလိုက်တာ ကင်ဆာရောဂါ လုံးဝပျောက်ကင်းသွားပြီး အခုအချိန်မှာတော့ ဥရောပ၊ အာရှနှင့် အမေရိကန်နိုင်ငံတွေကို ခေါက်တုံ့ခေါက်ပြန်သွားပြီး ကင်ဆာရောဂါ တိုက်ဖျက်ရေး သုတေသနလုပ်ငန်းတွေကို အားကြိုးမာန်တက် ဆောင်ရွက်နိုင်သူ ဖြစ်နေပါပြီ။ (စာရေးသူ၏ ဆေးပညာသတင်းဆန်းများ အမှတ်(၁)မှာလည်း ဦးနှောက်ကင်ဆာထဲကို အခုလို Herpes Simplex Virus ပိုးထည့်ပြီး ကုသနည်းကို ရေးခဲ့ပြီးပါပြီ။)

ကင်ဆာရောဂါနှင့်ပတ်သက်ပြီး ဓာတ်ခွဲစမ်းသပ်တာ၊ ဆေးဝါး စမ်းသပ်တာတွေ ယခု ဆယ်စုနှစ်အတွင်းမှာ အောင်မြင်မှုရဲ့ ထိပ်ဆုံးပိုင်းကို ရောက်လာပါပြီ။

ကင်ဆာရောဂါရှာဖွေတဲ့ ဓာတ်ခွဲစမ်းသပ်နည်းတွေကလည်း အများကြီး အောင်မြင်တိုးတက်လာပြီး 1 mm ကို အပုံတစ်သန်းပုံ တစ်ပုံအထိ သေးငယ်တဲ့ စမ်းသပ်မှုကို လုပ်နိုင်တဲ့ Nanoနည်းပညာနဲ့ အသုံးပြုလာတာကြောင့် ဘယ်ကင်ဆာရောဂါမျိုးကိုမဆို အဖုအကျိတ်ထွက်လာဖို့ မဆိုထားနဲ့ သန္ဓေစတည်ကတည်းက စမ်းသပ်လို့ ရနိုင်ပါပြီ။ ကင်ဆာရောဂါဟာ Cell တစ်ခုမှာရှိတဲ့ Protein အမျိုးအစားပြောင်းလဲမှုက စတင်တာမို့ ယင်း Protein ပြောင်းလဲမှုကို Molecular Level ကပင် စတင်သိနိုင်တဲ့ Raman Scattery Dye Technique ကို အသုံးပြုတဲ့ (Raman Signal)ကို ရှာဖွေတွေ့ရှိခဲ့ပါပြီ။ အမေရိကန် Standford တက္ကသိုလ်က ဆေးသုတေသီတစ်စုရဲ့ အောင်မြင်မှုရလဒ်ပါပဲ။

ဒီလို Cell တစ်ခုထဲက Protein အမျိုးအစားကို အမျိုး ၂၀-၃၀ ခွဲထုတ်စမ်းသပ်နိုင်တာဟာ ကင်ဆာရောဂါရဲ့ တိကျတဲ့စမ်းသပ်မှု (Diagnosis)ရနိုင်တဲ့အပြင် ကုသမှုမှာလည်း အောင်ပွဲရနိုင်မယ့်လမ်းစပဲဖြစ်တယ်လို့ သိရပါတယ်။

ကင်ဆာကုသတဲ့ ဆေးဝါးတွေကို ဖော်ထုတ်စမ်းသပ်ခဲ့တာမှာလည်း သွေးကင်ဆာရောဂါတစ်မျိုးဖြစ်တဲ့ Chromic Myeloid Lukaemia (CML) လို့ခေါ်တဲ့ရောဂါမှာ အသုံးပြုတဲ့ TASIGNA ဆိုတဲ့ ဆေး၊ ယင်းဆေးဟာ ကင်ဆာဆဲလ်တွေမှာ ဖြစ်လာတဲ့ ပုံမှန်မဟုတ်တဲ့ Protein ပြန့်ပွားမှုကို ဟန့်တားစေပြီး ယင်းဟန့်တားမှုကြောင့်ပဲ ကင်ဆာကျိတ်ဟာ ရှင်သန်မလာတော့ဘဲ ပိန်ရှုံ့သွားရတာ ဖြစ်တယ်လို့ သုတေသီတွေက ဆိုကြပါတယ်။

နောက်ပြီး ဦးနှောက်ကင်ဆာ တချို့မှာ အသုံးပြုနေတဲ့ Nimotuzumab ဆိုတဲ့ နောက်ဆုံးပေါ်ဆေးရဲ့ အစွမ်းထက်ပုံကလည်း ထူးခြားပါတယ်။ ယင်းဆေးကို Target Therapy ပစ်မှတ်ကုထုံးအဖြစ်အသုံးပြုခဲ့ကြပြီး အဲဒီဆေးဟာ ခန္ဓာကိုယ်ထဲဝင်သွားတာနဲ့ EGFR ခေါ်တဲ့ Epitheral Growth Factor Reccptor ကိုသွားထိပြီး ကင်ဆာရောဂါကြီးထွားမှု ဖြစ်မလာနိုင်တော့တာ ဖြစ်ပါတယ်။

ဒါကြောင့် စင်ကာပူနိုင်ငံမှ ကင်ဆာဆရာဝန်ကြီးတချို့ကတော့ ယခင်တုန်းက ကင်ဆာဖြစ်ရင်ပဲ သေရတော့မယ်ဆိုတဲ့ (Death Sentence)ချလိုက်သလို ဖြစ်ခဲ့တယ်။ အခုတော့ ဘယ်ကင်ဆာမဆို (ဥပမာ-Colon Cancer ဆိုရင် ၉၀ ရာခိုင်နှုန်း) ကုလို့ပျောက်နေပါပြီ။ ကင်ဆာကို ကြောက်စရာမလိုတော့ဘူး။ စောစောသိအောင် စမ်းသပ်ခံကြဖို့သာ လိုပါတယ်လို့ ပြောကြားထားတာကို ဖော်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ပါတယ်။ ။

ပခုက္ကူဦးအုံးဖေ စာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ ခုနှစ်မှစ၍ စာမူပြိုင်ပွဲများခေါ်ယူပြီး နှစ်စဉ်ဆုများချီးမြှင့်လျက်ရှိရာ ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် ၂၀၀၉ ခုနှစ်အတွက် (၁၇)ကြိမ်မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော စာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆု

ကဗျာပေါင်းချုပ်ဆုတွင် ဇာနည်ရေးသားသည့် ***"ရေကြည်စမ်းနှင့် ပန်းပင်လယ် ကဗျာများ"*** *က ပထမ၊ အောင်သာဆန်း(သံတွဲ)ရေးသားသည့်* ***"တေးသီငှက်၏ မနက်ဖြန်ကဗျာစု"*** *က ဒုတိယ၊ ခက်ဇော် ရေးသားသည့်* ***"ပန်းသတင်းနှင့် သွန်းလေညင်း ကဗျာစု"*** *က တတိယရရှိကြသည်။*

ဝတ္ထုရှည်ဆုတွင် ကို(တက္ကသိုလ်)ရေးသားသည့် ***"တာရာသိဂီ"*** *က ပထမ၊ ကိုနိုင်း(ချင်းတောင်)ရေးသားသည့်* ***"သက်တံရောင်စဉ် မြေပြင်နမ်းတဲ့ တောင်တန်းမြင့်နတ်ပန်းချီ"*** *က ဒုတိယရရှိကြသည်။*

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် သွဲ့ထားညို(သက္ကလ)ရေးသားသည့် ***"သောင်ယံကမ်းမှ အလွမ်းလက်ကျန်နှင့် အခြားဝတ္ထုတိုများ"*** *က ဒုတိယ၊ မျိုးသုရိယ ရေးသားသည့်* ***"ရွာရန် ရာနှုန်းလေးဆယ်သာနှင့် အခြားဝတ္ထုတိုများ"*** *က တတိယရရှိကြသည်။*

ကျမ်းစာပေဆုတွင် တင်မြင့် ရေးသားသည့် ***"ရှင်မတောင်မှ ရောဝတီသို့"*** *က ပထမ၊ တက္ကသိုလ်ခင်မောင်ဇော် ရေးသားသည့်* ***"ကျော်ကြားခဲ့၊ ကျော်ကြားဆဲ ဓမ္မပူဇာတေးသီချင်းများ"*** *က ဒုတိယရရှိကြသည်။*

သုတေသနစာပေဆု

သုတေသနစာပေဆုတွင် မေမြို့ချစ်ဆွေ ရေးသားသည့် ***"မြန်မာ့ဝါး၊ မြန်မာ့နီးဘုရား၊ မြန်မာ့ဝါးထရံ"*** *က ဒုတိယ၊ မောင်မောင်နန်းနွယ် ရေးသားသည့်* ***"ကော့ဂွန်းဂူရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ"*** *က တတိယရရှိကြသည်။*

ပခုက္ကူ ဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၉ခုနှစ် တစ်သက်တာစာပေဆုအတွက် ကဗျာဆရာကြီး ဒေါက်တာဦးသိန်းညွန့်(ညွန့်ဝေ-ကသာ) အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေစာပေဆု၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မောင်စိုးသီဟ(ဒုတိယနှစ်-ဂီတ)ကလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မအေးစုမွန်(ဒုတိယနှစ်-ဂီတ)ကလည်းကောင်း အသီးသီးရရှိကြသည်။

စိစစ်ရွေးချယ်

ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၏ Grand Ballroom ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် ရန်ကုန်မြို့ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရုံးရှိ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ဖုန်း-၃၈၁၄၄၈ သို့ နှစ်ရက်အတွင်း အမြန်ဆုံး ဆက်သွယ်ကြရမည်ဖြစ်ကြောင်း သိရသည်။

အစမ်းလေ့ကျင့်ပွဲကို ၂၇-၂-၂၀၁၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိကြသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၁၀ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲဝင် စာမူများကို စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန့်ရှင်းသော သောက်သုံးရေရရှိရေး

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် မင်္ဂလွန်းကျေးရွာတွင် လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းက ဆောင်ရွက်ပြီးစီးခဲ့သည့် နှစ်လက်မ စက်ရေတွင်း ရေစက်ရုံနှင့် အုတ်ရေကန် ဆောင်ရွက်ခြင်းလုပ်ငန်းကို အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ဖေဖော်ဝါရီ ၁၇ရက်၌ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂၁-၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၂၆)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **စိတ်ကူးယဉ်ကမ္ဘာလေးထဲမှာ**
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၁၁)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၁။ ဘဝကြေးမုံ **သုံးအချိုး တစ်** အကယ်ဒမီမြင့်မြင့်ခင်၊ ခင်မို့မို့အေး၊မိုခမ်း၊မင်းဆက်၊ ယမင်းထွေး ဒါရိုက်တာ-ဆဲဗင်း(IC)
- ၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၅၂)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ပဟေဋ္ဌိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အရက်ဦးအချစ်** (အပိုင်း-၃၃)
- ၂၂။ **နှစ်ခေတ်ပြိုင်ချစ်သူ**(အပိုင်း-၄)

21-2 (10) .pmd 1 2/21/2010, 1:45 AM

ချန်ပီယံလိဂ်အကြို ၁၆သင်းအဆင့် (ပထမအကျော့)

အင်တာနဲ့ချယ်လ်ဆီး ထိပ်တိုက်အဆုံး (သို့မဟုတ်) မော်ရင်ညိုနဲ့ အန်ဆယ်လော့တီ အားစမ်းပွဲ

➢ ထွန်းထွန်းဦး (လှိုင်) သုံးသပ်ရေးသားသည် ➢ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဖေဖော်ဝါရီ ၂၃ရက်နဲ့ ၂၄ရက်တို့မှာ ကစားကြမယ့် ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပြိုင်ပွဲတွေကတော့ စိတ်ဝင်စားစရာပါ။ ဘာကြောင့်လဲဆိုရင် စတုဂတ်နဲ့ ဘာစီလိုနာ၊ အင်တာမီလန်နဲ့ ချယ်လ်ဆီးပွဲတွေ အသီးသီးရှိနေကြလို့ပါ။ ဒါကြောင့် ၂၃ရက်နဲ့ ၂၄ရက်တို့မှာကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်တွေဟာ တော်တော့ကို ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပုံရှိနေမယ်လို့ ဆိုရပါလိမ့်မယ်။

ဘာစီလိုနာအသင်းအတွက် အောင်ပွဲများ ဖွေရှာပေးမယ့် တိုက်စစ်မှူး မက်ဆီ။

စတုဂတ်-ဘာစီလိုနာ

ဒီနှစ်သင်းဟာ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ တွေ့ခဲ့ကြဖူးတယ်။ အဲဒီတုန်းက နှစ်ကျော့စလုံး ဘာစီလိုနာပဲ အနိုင်ရခဲ့တာပါ။ အိမ်ကွင်းမှာ စတုဂတ်ဟာ ဘာစီလိုနာကို ၂-၀နဲ့ ရှုံးသလို နူးကင့်မှာလည်း စတုဂတ်က ၃-၁နဲ့ အရေးနိမ့်ခဲ့တယ်။ ဒီတစ်ခါဆုံတဲ့ပွဲမှာရော ဘာတွေဖြစ်လာမလဲ။ လက်ရှိအနေအထားအရဆိုရင်တော့ နှစ်သင်းစလုံးဟာ ကစားအားကောင်းနေသလို ခံစစ်ပိုင်းမှာလည်း သွက်သွက်လက်လက်ရှိနေကြတယ်။ ဒါပေမယ့် ကစားသမားအပိုင်းနဲ့ ဖန်တီးမှုစွမ်းဆောင်ရည်အပိုင်းမှာတော့ ဘာစီလိုနာက အသာရနေတယ်။ ဘာကြောင့်လဲဆိုရင် မက်ဆီ၊ အွန်နရီနဲ့ အီဘရာဟင်မိုဗစ်တို့ဟာ ကြံ့ခိုင်မှုကောင်းမွန်ပြီး ပွဲအတွေ့အကြုံကလည်း ပြည့်ဝနေလို့ပါ။ အသင်းသားပေါင်း လက်ဘ်ရှိပေမယ့်လည်း စတုဂတ်မှာ နေရာမရလို့ ယခုအခါမှာ ချောင်ထိုးခံထားရတယ်။ ဒါကြောင့် စတုဂတ်အနေနဲ့ အိမ်ကွင်းမှာ ကာကောတို့ လူစုကိုသာ အားထားကစားရမှာပါ။ ဂိုမက်ဇ်တို့လည်း မရှိတော့ဘူးဆိုတော့ ရှိတဲ့လူတွေနဲ့ပဲ စတုဂတ်ဟာ ဘာစီလိုနာကို ရင်ဆိုင်ရမှာဆိုတော့ အိမ်ခံပရိသတ်အားကို ယူသုံးတာတောင် လွယ်ကူလှမယ်မထင်မိဘူး။

စတုဂတ်ရဲ့ ခံစစ်နဲ့ ဂိုးသမားပိုင်းဟာ နားလည်မှုလွဲရင်တော့ ဘာစီလိုနာရဲ့ တန်ပြန်တိုက်စစ်ကို ချုပ်ထားနိုင်ဖို့ ခက်ခဲသွားနိုင်တယ်။ ဘာစီလိုနာ တစ်သင်းလုံးက ကစားသမားတွေဟာ ဂိုးသွင်းသပ်ရပ်ပြီး အချိတ်အဆက်မိနေလို့ အဝေးကွင်းမှာ အခွင့်အရေးရရင် ဂိုးရအောင်သွင်းမယ့်ပုံမှာ ရှိနေပါသေးတယ်။ ဒါကြောင့် စတုဂတ်အနေနဲ့ ဘာစီလိုနာနဲ့အပြိုင် တိုက်စစ်ဖွင့်ရင်တော့မလွယ်ပါဘူး။ ဘာစီလိုနာကသာ တစ်ဖက်နောက်တန်းရဲ့ အမှားကို စောင့်စားရင်း တန်ပြန်တိုက်စစ်နဲ့ ဂိုးရအောင်ယူရင် အိမ်ရှင်အသင်းအနေနဲ့ ဒီပွဲမှာ အရှုံးပေးရဖွယ်ရှိပါတယ်။

အိုလံပီယာကော့စ်-ဘော်ဒိုး

ဂရိကလပ်ဟာ အိမ်ကွင်းစွာတော့ ဘော်ဒိုးအနေနဲ့ အိမ်ရှင်ရဲ့ ဖိအားပေးမှုကို လွတ်မြောက်အောင် ဖြတ်ကျော်ပြဖို့ဟာ ခက်ခဲနေနိုင်ပါတယ်။ ဘော်ဒိုးရဲ့ ကစားအားဟာ သွက်လက်ပေမယ့် အဝေးကွင်းမှာတော့ ခံစစ်ဘက် ဦးစားပေး ကစားတာများတာကြောင့် အိုလံပီယာကော့စ်ရဲ့ ဂိုးပေါက်ဘက်တောင် ဂိုးကန်ခွင့်ရနိုင်ကြပ့်မလား။ အိုလံပီယာကော့စ်ကတော့ ပထမအကျော့မှာ မရမက ဖိအားပေးကစားပြမှာ သေချာနေတယ်။ အခုပွဲမှာ ရလဒ်ကောင်းအောင်လုပ်ထားနိုင်ပါမှ အဆင်ပြေမှာဆိုတော့ တရစပ် တိုက်စစ်ဖွင့်ကစားဖို့ပဲ အားစိုက်မှာသေချာပါတယ်။ ဘော်ဒိုးကတော့ နည်းပြ ဘလန့်ရဲ့ အစွမ်းနဲ့ အိုလံပီယာကော့စ်ရဲ့ ထိုးစစ်ကို တောင့်ခံရတော့မှာပါ။ ဒါကြောင့် အခုပွဲ ဖြစ်နိုင်ခြေကို ကောက်ချက်ချရရင်တော့ ဂိုးရအောင် အကြိတ်အနယ် ကစားကြပြီး နောက်ဆုံးမှာ သရေကျသွားဖို့ များတဲ့ပွဲလို့ ဆိုရပါလိမ့်မယ်။

ဘော်ဒိုးတိုက်စစ်မှူး ကာဗင်နာဂီ အိုလံပီယာကော့စ်ကို ဘယ်လိုဂိုးသွင်းမှာလဲ....။

စီအက်စ်ကေအေမော်စကို-ဆီဗီလာ

ရုရှားကလပ်ကတော့ ဒီကာလမှာ ရာသီဥတုရဲ့ သက်ရောက်မှုဖိအားနဲ့အတူ ဆီဗီလာကို အခက်တွေ့အောင် လုပ်မှာပါ။ အရင်ကလောက် ဆီဗီလာရဲ့ပြိုင်ဘက် စီအက်စ်ကေအေရဲ့ တိုက်စစ်ဟာ အစွမ်းထက်မှု သိပ်မတွေ့ရတော့ပေမယ့် အိမ်ကွင်းမှာတော့ ခြေစွမ်းပြကစားတတ်ပါတယ်။ ဖြတ်သန်းလာတဲ့ ကာလတစ်လျှောက်မှာလည်း အသင်းကောင်းတွေနဲ့ ရင်ဆိုင်ဖြတ်ကျော်လာတဲ့ အသင်းဖြစ်နေလို့ အခုပွဲမှာ ဆီဗီလာလို ကစားပုံကျစ်လျစ်တဲ့ အသင်းအပေါ်မှာ အသာရအောင်တော့လုပ်ဦးမှာ သေချာနေတယ်။ ဆီဗီလာအတွက်တော့ အဝေးကွင်းမှာ ပွဲကျပ်နေပါတယ်။

ဆီဗီလာအသင်းတိုက်စစ်မှူး လူးဝစ်ဖာဘီယာနို၏ ထိုးဖောက်တိုက်စစ်ဆင်ဟန်။

ဆီဗီလာရဲ့ ရည်ရွယ်ချက်ကတော့ ထုံးစံအတိုင်း အဝေးကွင်းမှာ ခံစစ်ကစားပြီး သရေပဲယူမှာပါ။ ဒါကြောင့် အိမ်ရှင်ဟာ ဂိုးသွင်းရတာ ခက်နေနိုင်တယ်။ တစ်ချက်ရှိတာက အိမ်ကွင်းပရိသတ်ကောင်းပြီး ရာသီဥတုပါ ရုရှားကလပ်ဘက်မှာရှိနေတော့ စီအက်စ်ကေအေဟာ ညှစ်အားသုံးကစားပြီး အခုပွဲမှာ မရရတဲ့နည်းနဲ့ အနိုင်ကစားပါလိမ့်မယ်။

အင်တာမီလန်-ချယ်လ်ဆီး

ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုအတွက်တော့ အီတလီကလပ်အတွက် အနိုင်ရအောင်လို့ သူလုပ်နိုင်မှာလား၊ ဒီရာသီအစမှာတော့ ချစ်ကြည်ရေးပွဲစဉ်တွေ ယှဉ်ပြိုင်တဲ့အခါမှာ အင်တာက ချယ်လ်ဆီးကို ၂-၀နဲ့ ရှုံးထားဖူးတယ်၊ ဒီအကြွေးက တင်နေတော့ မော်ရင်ဟိုအနေနဲ့ အင်တာအတွက် အနိုင်ရအောင်လို့ လုပ်ပြရပါပြီ။ မလုပ်လို့လည်းမရဘူး။ ဘာကြောင့်လဲဆိုတော့ မော်ရင်ဟိုအပေါ် အမြင်မကြည်တဲ့ သူတွေက ရှိနေတော့ အမြင်ကြည်လာအောင် လုပ်ရမှာဖြစ်နေလို့ပါပဲ။ သူ့အသင်းဟာ ချန်ပီယံလိဂ်မှာ ပရိသတ်အကြိုက် ကစားပြနိုင်တာမျိုး သိပ်မတွေ့ရဘူး။ ဒါကြောင့် ချယ်လ်ဆီးနဲ့ပွဲမှာ ဝေဖန်မှုတွေ တိတ်သွားအောင် လုပ်ပြရမှာပါ။ ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီကလည်း သိက္ခာအတွက် အရေးပါတဲ့ပွဲ နွှဲရမှာဖြစ်နေလို့ သူသဘောကျတဲ့ အင်တာကိုတောင် အနိုင်ရအောင်လို့ ချယ်လ်ဆီးကစားသမားတွေအတွက် လုပ်ရတော့မှာ သေချာနေတယ်။ ချယ်လ်ဆီးရဲ့ ကစားပုံဟာ ကစားသမားအစုံအလင်နဲ့ ဖြစ်နေတော့ အင်တာအဖို့ လျှော့တွက်လို့ မရပါဘူး။အမာခံကစားသမား များများစားစားပါနေလို့ အီတူးနဲ့ မီလီတိုတို့ အချိတ်အဆက်မမိရင် ခက်နိုင်ပါသေးတယ်။

နည်းပြဟောင်းကို ဒရော့ဘာ ဒုက္ခပေးမှာလား....။

ဖြစ်နိုင်ခြေရှိတာကတော့ ချယ်လ်ဆီးဟာ အရင်လိုပဲ အဝေးကွင်းမှာ တန်ပြန်တိုက်စစ်ကို အဓိကဦးစားပေးပြီး အနယ်လ်ကာနဲ့ ဒရော့ဘာတို့ရဲ့ ထိုးစစ်နဲ့ အင်တာကို အခက်တွေ့အောင် လုပ်မှာပါ။ အင်တာအနေနဲ့ ချယ်လ်ဆီးကို အနိုင်ရအောင် လုပ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် အခုပွဲဟာ သရေနဲ့ပဲ အဆုံးသတ်ဖို့များပါတယ်။ ။

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ရန်ကုန်အနောက်ပိုင်းခရိုင်ပြန်/ဆက်ရုံး၌ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး (ကျောက်တံတား)က ကြီးမှူး၍ ကျေးရွာစာကြည့်တိုက်များအတွက် အလှူရှင်များက စာအုပ်စာစောင်များလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ရက်နံနက်ပိုင်းက ခရိုင်ရုံးစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးက အမှာစကားပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဒေါက်တာသန့်သော်ကောင်း မိသားစု အလုံမြို့နယ်က ငွေကျပ် ၁၁၁သိန်းတန်ဖိုးရှိ ကလေးလူငယ်များအတွက် အင်္ဂလိပ်စာအုပ်မျိုးစုံအုပ် ၃၁၈၀၊ ဦးအောင်မြင့် (ဆင်တောင်ကြီးစာပေ)က ငွေကျပ် ၁၅သိန်းတန်ဖိုးရှိ နံနက်ခင်း ဂျာနယ်မျိုးစုံ စောင်ရေ ၃၇၆၀၊ Inforithm Maze Co.,Ltd.က ငွေကျပ် ငါးသိန်းကျော်တန်ဖိုးရှိ မဂ္ဂဇင်းနှင့် ဂျာနယ်စုံ ၁၂၆၉စောင်၊ ဦးထွန်းဝင်း (ခ)ဦးဘာဘူလေး (ပုလဲနက်တီရှပ်ရောင်းဝယ်ရေး)က ငွေကျပ် ၇၀၈၀၀ တန်ဖိုးရှိ ကြေးမုံသတင်းစာ ခြောက်နှစ်ခွဲစာ၊ ဦးအေးနိုင် ကျောက်တံတား မြို့နယ်က ငွေကျပ် ၂၄၃၀၀တန်ဖိုးရှိ မဂ္ဂဇင်းမျိုးစုံ ၈၁အုပ်၊ ဦးကြည်မြင့် အေးရိပ်မွန် လှိုင်မြို့နယ်က ငွေကျပ် ၁၂၂၀၀တန်ဖိုးရှိ ဂျာနယ်မျိုးစုံ ၆၁စောင်တို့ကို ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးထံ ပေးအပ်လှူဒါန်းကြသည်။

(အောက်ပုံ)

အဆိုပါ စာအုပ်လှူဒါန်းပွဲတွင် စာပေအလှူရှင်ခြောက်ဦးတို့က ငွေကျပ်၁၃၂၂၈၉၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၁၀၇၁၁အုပ်တို့ကို လှူဒါန်းခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ထာဝရဆေးပဒေသာပင်

ဦးမောင်စိန်-ဒေါ်ကျင်သန်းနှင့် အစ်ကို ဦးမြင့်သွင်တို့အား ရည်စူး၍ လဝန်းဖြူ ဆေးနှင့် ဆေးပစ္စည်းဆိုင် အရှေ့ရွှေဂုံတိုင်လမ်း ဗိုလ်စိန်မှန်လမ်းထိပ် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဦးသိန်းလွင်နှင့် သားသမီး၊ မြေး၊ မြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။

(သတင်းစဉ်)

ဆေးကုသမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အိန္ဒိယနိုင်ငံ Apollo Gleleaglel Hospitals Kolkata က ဆေးကုသမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ မိတ်ဆက်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ဖြည့်စွက်ရှင်းလင်း

အဆိုပါ အခမ်းအနားတွင် Apollo Gleleaglel Hospitals နှင့် ပတ်သက်သော ဆေးကုသမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကို Chief Executive Officer Dr. Rupali Basu က ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဧည့်သည်တော်များအား မန္တလေးမဂ္ဂဇင်းခရီးသွားလုပ်ငန်းမှ ဒေါ်သီတာက ဖြည့်စွက် ရှင်းလင်းပြောကြားသည်။

အိန္ဒိယနိုင်ငံရှိ Apollo Gleleaglel Hospitals သည် ကမ္ဘာ့တွင် အဆင့်(၄) နေရာရှိပြီး အာရှတိုက်၌ အကြီးဆုံးနှင့် အကောင်းဆုံး ဆေးရုံကြီးတစ်ခုဖြစ်ကာ ဆေးရုံပေါင်း ၄၆ခုရှိသည်။ Apollo Gleleaglel Hospitals က ဦးခေါင်းပိုင်း ခွဲစိတ်မှု၊ အရိုးခွဲစိတ်မှု၊ ကျောက်ကပ်ခွဲစိတ်မှု၊ နှလုံးခွဲစိတ်မှုနှင့် ကင်ဆာရောဂါများအပြင် အခြားရောဂါများ ခွဲစိတ်မှုနှင့်ကုသပေးမှုများကိုလည်း ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံမှ လူနာပေါင်း ၅၀၀ ကိုလည်း ကျောက်ကပ်နှင့် ပတ်သက်ပြီး အောင်မြင်စွာ ခွဲစိတ်ကုသပေးပြီးဖြစ်ကြောင်းနှင့် Apollo Gleleaglel Hospitals က သူနာပြုသင်တန်းများပေးခြင်း၊ ဆရာဝန်များ မွေးထုတ်ပေးခြင်းနှင့် အခြားဆေးရုံများကိုလည်း ဝန်ဆောင်မှုများ ပြုလုပ် ပေးလျက်ရှိသည်။ Apollo Gleleaglel Hospitals က ဆေးကုသမှုခံယူသော လူနာများကိုလည်း သွားလာရေး၊ နေထိုင်ရေး၊ စားရေးသောက်ရေးမှ အစအပြည့်အဝ ဝန်ဆောင်မှုပေးလျက်ရှိသည်။ လူနာများအနေဖြင့်လည်း Tele-medicine ဖြင့် ပြောဆိုဆွေးနွေးနိုင်ကြောင်းကိုလည်း ရှင်းလင်းပြောကြားသွားသည်။

ဆက်သွယ်မေးမြန်း

အသေးစိတ်သိရှိလိုပါက မန္တလေးမဂ္ဂဇင်းခရီးသွားလုပ်ငန်း ဒေါ်သီတာ ဖုန်း-၀၁-၂၉၆၄၄၆၊ ၀၉-၅၀-၆၅၈၇၁၊ ၀၉-၅၀-၁၃၅၂၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်တပ်ကုန်း၌ ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲနှင့်ဆုပေးပွဲကို နေပြည်တော်တပ်ကုန်း အောင်ဆန်းခန်းမ၌ ဖေဖော်ဝါရီ ၁၇ရက်က ကျင်းပသည်။

ဒုတိယ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်၊ မြို့နယ်အားကစားအရာရှိ ဦးခင်မောင်အေးနှင့် ဒေါက်တာဝင်းလတ်တို့က ဆုများချီးမြှင့်ကြသည်။**(အောက်ပုံ)** ပြိုင်ပွဲတွင် ရွှေစုကျေးရွာ ဘော်လီဘောအသင်းက ပထမ၊ နောင်ဘိုအိုး ကျေးရွာ ဘော်လီဘောအသင်းက ဒုတိယရရှိသွားသည်။ **(မြို့နယ် ပြန်/ဆက်)**

ထူးခြားသည့် ညအပူချိန်

၂၀-၂-၂၀၁၀

ဟားခါးမြို့
၂ ဒီဂရီစင်တီဂရိတ်

ပူတာအိုမြို့
၃ ဒီဂရီစင်တီဂရိတ်

အမ်းမြို့
၃ ဒီဂရီစင်တီဂရိတ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာနိုင်ငံဆေးဝါးစက်ရုံ(ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်း မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့နံနက် ၉ နာရီက မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးစက်ရုံ(ရန်ကုန်)သို့ရောက်ရှိပြီး ပင်မကုန်ထုတ်အဆောက်အအုံကို အကြီးစားမွမ်းမံပြင်ဆင်၍ ပြောင်းရွှေ့တပ်ဆင်ပြီးစီးမှု၊ သွားတိုက်ဆေးထုတ်လုပ်မှုကို GMP စနစ်နှင့်အညီ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ဆေးကိုယ်လိမ်းပေါင်ဒါထုတ်လုပ်မှု၊ သိုလှောင်ခန်း၌ ကုန်ကြမ်း၊ ကုန်ချောများ စနစ်တကျသိုလှောင်ထားရှိမှု၊ ပုံနှိပ်ဌာန၌ တံဆိပ်များနှင့် Label Batch များ ရိုက်နှိပ်မှု၊ ပလတ်စတစ်ဘူးများထုတ်လုပ်မှုနှင့် အကြီးစားတိုးချဲ့မွမ်းမံပြင်ဆင်နေသည့် ဆေးပြားဌာန၊ ဆေးရည်ဌာန၏ မြို့ပြဆိုင်ရာနှင့် လျှပ်စစ်နှင့်ရေသန့်လုပ်ငန်း၊ ရေအေး လေအေးလုပ်ငန်းများ ပြုပြင်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၌ ခွေးရူးရောဂါကာကွယ်ဆေးကို သိုးငယ်ကလေးများ၏ ဦးနှောက်ကို အခြေခံ၍ Cell မွေးမြူပြီး Tissue Culture နည်းစဉ်သစ်ဖြင့် ခွေးရူးပြန်ကာကွယ်ဆေး ရှေ့ပြေးအဆင့်သို့ အောင်မြင်စွာ ထုတ်လုပ်နိုင်မှု အခြေအနေနှင့် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

စမ်းသပ်စစ်ဆေး

အဆိုပါ ခွေးရူးပြန်ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အသိအမှတ်ပြုပြီး အိန္ဒိယနိုင်ငံ Pasteur Institute မှ တစ်ဆင့်ရရှိလာသော Cell Line Culture များနှင့် Virus Strain များဖြင့် အဆင့်ဆင့် စီမံဖော်စပ်၍ ဘေးဥပဒ် အန္တရာယ်ရှိသော အဆိပ်အတောက်များ၊ပိုးမွှားများကင်းစင်လုံခြုံခြင်း၊ အာနိသင်စွမ်းအားထက်မြက်ခြင်း၊ ရောဂါဖြစ်ပွားမှုကို ဆေးလုံးရေ နည်းနည်းဖြင့် ကာကွယ်ဟန့်တားနိုင်စွမ်းရှိခြင်း၊ FDA နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လက်ခံနိုင်သော စံချိန်စံညွှန်းများနှင့် ပြည့်စုံခြင်း စသည့်လိုအပ်သော အရည်အသွေး သတ်မှတ်ချက်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြွေမွေး၊ မြွေဟောက်များမှ မြွေဆိပ်ထုတ်ယူမှု၊ မြွေများ စနစ်တကျ မွေးမြူထားရှိမှုနှင့် သိုးမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကြက်ဉမှ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပိုမိုထုတ်လုပ်မည်

ကြက်ဉမှ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုလုပ်ငန်းကို သုတေသနထုတ်လုပ်မှု အဆင့်မှ စီးပွားဖြစ် အသုံးပြုနိုင်ရန် ပိုမိုထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KMD Sales & Service (မြေနီကုန်း)စင်တာသစ် ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

KMD Sales & Service (မြေနီကုန်း)စင်တာခွဲကို ဖေဖော်ဝါရီ ၁၂ရက်က အမှတ်(၃၃၁) ပြည်လမ်း မြေနီကုန်း (မဟာမြိုင်ကားမှတ်တိုင်) စမ်းချောင်းမြို့နယ်၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ **(အောက်ယာပုံ)**

ရုံးချိန်ပြင်ပ၌ ကွန်ပျူတာဝယ်ယူခြင်းနှင့် ပြုပြင်ခြင်းတို့ကို ပြုလုပ်နိုင်ရန်အတွက် ည ၈နာရီအထိ ဖွင့်လှစ်ပေးထားပြီး ပြုပြင်နေစဉ်အတွင်း အနားယူစောင့်ဆိုင်းရန် Cyber Cafe' နှင့် ကော်ဖီဘားကိုလည်း တစ်ဆက်တည်း ဖွင့်လှစ်ထားသည်။ ကျယ်ဝန်းသော ကားရပ်နားဝင်း ပါရှိခြင်းကြောင့် ကားရပ်နားရန်အတွက် အဆင်ပြေသည်။

ရွေးချယ်ဝယ်ယူ

စင်တာသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ရက်နှင့် ၁၃ရက်များတွင် Road Show ပြုလုပ်ပေးခဲ့ပြီး နောက်ပိုင်းတွင်လည်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်း၌ အထူးဈေးနှုန်းများဖြင့် ရွေးချယ်ဝယ်ယူ ပါဝင်သော Notebook များလည်း Standard ဖြစ်လာသည်နှင့်အမျှ Notebook အများအပြား ဝယ်ယူခဲ့ကြသည်။ KMD Sales & Service (မြေနီကုန်း) စင်တာကို နံနက် ၉နာရီမှ ည ၈နာရီအထိ အစိုးရရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ်ဖွင့်လှစ်၍ Notebook Brand မျိုးစုံ၊ Desktop ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း

နိုင်စေရန် Special Sales Road Show ပွဲများကို ယင်းစင်တာက ကျင်းပပေးသွားမည်ဖြစ်သည်။

အထူးနှုန်း

၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် Notebook နှင့် Desktop ရောင်းအားမှာ ၅၀း၅၀ ရှိနေရာမှ ၂၀၁၀ နှစ်ဆန်းတွင် ၆၀း၄၀ သို့ Notebook ရောင်းအား တိုးတက်လာခဲ့သည်။ Notebook ဈေးနှုန်းများကျဆင်းလာပြီး Graphic Card များကို စုံလင်စွာ ရောင်းချပေးသွားမည်ဖြစ်ပြီး အပတ်စဉ်တိုင်းတွင်လည်း ပစ္စည်းတစ်မျိုးကို အထူးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ် သိရှိလိုပါက KMD Sales & Service Centre (မြေနီကုန်း) ဖုန်း - ၅၀၃၅၂၂နှင့် ၅၀၂၂၄၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၄ ရက်က နေပြည်တော် လယ်ဝေးမြို့နယ် မီးလောင်ကုန်းကျေးရွာတွင် လယ်ဝေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၅ ကတ်ကို ကွင်းဆင်းထုတ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ချောလမ်းသစ်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပန်းပင်ကုန်း (ကျေးလက်) ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

ချယ်လ်ဆီးနှင့် အာဆင်နယ် အောင်ပွဲခံ မန်ယူတို့ အဝေးကွင်း၌ ရှုံးပွဲကြုံ

မြင့်မောင်စိုး ➤ စုစည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၂၇) ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၀ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ အသီးသီးအနိုင်ရခဲ့ကြသော်လည်း မန်ယူတို့ အဲဗာတန်အိမ်ကွင်း၌ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

အဲဗာတန်- မန်ယူ

ပွဲစသည်နှင့် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ မန်ယူကစားသမား ဘာဘာတော့ဗ်က ပွဲချိန် ၁၆မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သို့သော် ယင်းဂိုးသွင်းပြီး သုံးမိနစ်အကြာ ဘီလ်ယာလက်တီနော့ဗ်က အဲဗာတန်အတွက် ချေပဂိုး သွင်းယူခဲ့သည်။ ယင်းချေပဂိုးကြောင့် အိမ်ရှင်အဲဗာတန်အသင်းသည် ဒုတိယပိုင်းတွင် ဘောလုံးပိုင်ဆိုင်မှုနှင့် ဂိုးပေါက်ဖန်တီးနိုင်မှု အားကောင်းလာသည်။ ပွဲချိန် ၇၆မိနစ်တွင် ဂေါ့စလင်းက တစ်ဂိုး၊ ပွဲချိန်မိနစ် ၉၀၌ ရော့ဒ်ဝဲလ်ကတစ်ဂိုး အဲဗာတန်အတွက် သွင်းယူပေးခဲ့ပြီး အောင်ပွဲခံခဲ့ကြသည်။



အာဆင်နယ်အတွက် အဖွင့်ဂိုးကို ဘန်တနာက ဤသို့ သွင်းယူခဲ့သည်။

အာဆင်နယ်-ဆန်းဒါးလန်း

အာဆင်နယ်တို့ အိမ်ကွင်း၌ ဆန်းဒါးလန်းကို ခြေစွမ်းပြကစားပြီး အောင်ပွဲခံခဲ့သည်။ အာဆင်နယ်၏ အဖွင့်ဂိုးကို ပွဲစပြီး ၂၇မိနစ်အကြာ ဖာဘရီဂတ်စ်၏ တည်ကန်ဘောမှ တစ်ဆင့် ဘန်တနာက အနီးကပ် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယမြောက်အနိုင်ဂိုးကို ပွဲသိမ်းလေလွင့်ချိန်တွင် ဖာဘရီဂတ်စ်က ပယ်နယ်တီမှ တစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်တို့ ယင်းအနိုင်ပွဲကြောင့် ချယ်လ်ဆီးနောက်မှ ခြောက်မှတ်အကွာဖြင့် ဆက်လက်လိုက်နေမြဲဖြစ်သည်။

ဂူလ်ဗာဟမ်တန်ရှုံးနိမ့်

ချယ်လ်ဆီးအသင်းသည် ဂူလ်ဗာဟမ်တန်အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ တိုက်စစ်မှူး ဒရော့ဘာ၏ အနိုင်ဂိုးနှစ်ဂိုးဖြင့် အောင်ပွဲခံနိုင်ခဲ့သည်။ သို့သော်လည်း အိမ်ရှင် ဂူလ်ဗာဟမ်တန်အသင်းက နာရီဝက်ကြာသည့်တိုင်အောင် ဂိုးမပေးဘဲ ပိတ်ဆို့ကစားနိုင်ခဲ့သည်။ ပွဲချိန်မိနစ် ၄၀ပြည့်ချိန်တွင် တိုက်စစ်မှူး ဒရော့ဘာက ချယ်လ်ဆီးအတွက် အနီးကပ်ဂိုးဖြင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် ဒုတိယဂိုးကိုလည်း တိုက်စစ်မှူးဒရော့ဘာကပင် ပွဲချိန် ၆၇မိနစ်တွင် သွင်းယူခဲ့သည်။ ပွဲအပြီး ချယ်လ်ဆီးက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်၍ အောင်ပွဲခံခဲ့သည်။

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးဒရော့ဘာက ဤသို့ သွင်းယူခဲ့သည်။

ဝက်စ်ဟမ်းနိုင်

ဝက်စ်ဟမ်းအသင်းနှင့် ဟူးလ်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဝက်စ်ဟမ်းက အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးသွင်းယူပြီး အောင်ပွဲခံနိုင်ခဲ့သည်။

ရပ်တည်

ထိုနေ့ ပွဲစဉ်များအပြီး ချယ်လ်ဆီးက ရမှတ် ၆၁မှတ်၊ မန်ယူက ဒုတိယနေရာမှ ၅၇မှတ်နှင့် အာဆင်နယ်က ၅၅မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ပိုင်း၌ ရပ်တည်လျက်ရှိပါကြောင်း။ ။ **(အင်တာနက်)**

ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်၊ စံပယ်အိမ်ရာ၊ အမှတ်(၂၁)နေ
ရဲမှူးချုပ်ဝင်းစိုး (ရဲထောက်ချုပ်)မြန်မာနိုင်ငံရဲတပ်ဖွဲ့ - ဒေါ်တင်တင်မြင့်(အလပြ-ငြိမ်း)တို့၏သားကြီး

မောင်တင်ဝင်းလှိုင်

B.A (Business Management)
Diploma in Information Technology

နှင့်

မန္တလေးမြို့၊ နယူးစီဗွီလိုင်း၊ လမ်း၆၉×၇၀ကြား၊ ၃၁လမ်း၊ အမှတ်(၄၉-အေ)နေ
(ဦးခင်မောင်အေး လ/ထညွှန်ကြားရေးမှူး၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန)-ဒေါ်တင်တင်မြတ်
(အထပြ-ငြိမ်း၊ အထက-၁၆) တို့၏ တစ်ဦးတည်းသော သမီး

မနှင်းဝတ်ရည်အေး

M.C.Sc (Thesis) (UCSM, Mdy), B.A (English), (UFL,Mdy)
Graduate Diploma in System Analyst (NUS)
IT Executive, CES Pte, Ltd. (S'pore)

တို့၏ ၁၄-၂-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရုံးချုပ်ခန်းမ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးတို့အားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့သော တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁)မှ သူငယ်ချင်းမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဒေါ်သိလ္လာစိုး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ တေးဂီတတီးဝိုင်းအဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်အလှပြုပြင်ပေးပါသော Spice Girls နှင့် ယုဇနအဖွဲ့၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှ အဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မမီမီထွေး၊ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မနှင်းစန္ဒာဝင်းနှင့် မဇွန်ပွင့်ဖြူ၊ သတို့သားအရံ မောင်တင်ဝင်းဇင်နှင့် မောင်ဆန်းထွန်းဝင်း၊ သတို့သမီးအရံ မဝတ်ရည်သွေးနှင့် မအိအိမောင် တို့အားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ အရာထမ်း၊ အမှုထမ်းများ၊ သင်္ဂဟဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၈-၂-၂၀၁၀ရက် (ကြာသပတေးနေ့)တွင် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်၌ ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်တင်ဝင်းလှိုင်-မနှင်းဝတ်ရည်အေး

ချမ်းမြေ့မြတ်နိုး (ခ) ဖိုးမူစိအတွက် မွေးနေ့ဆုမွန်လွှာ

သား ဗိုလ်မှူးအောင်ကျော်စိုး(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်စည်ပင်)နှင့် သမီးအိအိဇင်(ခ)ဆုဆုစန္ဒီ (Zip! Fashion Channel) တို့ရဲ့ တစ်ဦးတည်းသောသမီးလေး ဖိုးမူစိရဲ့ ၂၁-၂-၂၀၁၀ ရက်တွင် ကျရောက်တဲ့ (၁၀)နှစ်မြောက်မွေးနေ့မှစ၍ သက်ရှည်ကျန်းမာပြီး သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်တဲ့ သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်လွှာခြွေလိုက်ပါတယ်....။

နှစ်ဖက်သော ....

ဘိုးဘိုး	-	**ဘွားဘွားများနှင့်**
ဦးဦး	-	**အန်တီများ၊**
ဖေဖေ	-	**မေမေ။**

ချမ်းမြေ့မြတ်နိုး(ခ)ခေးဂိုအတွက် မွေးနေ့ဆုတောင်း

ဗိုလ်မှူးအောင်ကျော်စိုး(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်စည်ပင်)နှင့် အစ်မ မဆုဆုစန္ဒီ (Eternal Gems)တို့ရဲ့ တစ်ဦးတည်းသောသမီးလေး "ခေးဂို" ရဲ့ ၂၁-၂-၂၀၁၀ရက်တွင် ကျရောက်သော (၁၀)နှစ်မြောက်မွေးနေ့မှစ၍ လိုတိုင်းတ ရနိုင်တဲ့ အရာရာပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ အစ်မရဲ့ဝန်ထမ်းများက ဆုမွန်ကောင်းတောင်းလိုက်ပါတယ်....။

Eternal Gems မှ ဝန်ထမ်းများ
Zip!(I,II, III , IV, V) Fashion Channel များမှ ဝန်ထမ်းများ၊
(Violin,EASY,SMART) Restaurant များမှ ဝန်ထမ်းများ။

ချမ်းမြေ့မြတ်နိုး(ခ)နိုးနိုးအတွက် မွေးနေ့ဆုတောင်း

ဖေဖေ ဗိုလ်မှူးအောင်ကျော်စိုး(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်စည်ပင်)နှင့် မေမေ ဒေါ်ဆုဆုစန္ဒီ(Managing Director , Light Future Co.,Ltd.) တို့ရဲ့ သမီးလေး "နိုးနိုး" (စတုတ္ထတန်း J ၊TTC) ရဲ့ ၂၁-၂-၂၀၁၀ရက်တွင်ကျရောက်တဲ့ မွေးနေ့မှစပြီး အရာရာတတ်သိနားလည်သော သမီးအလိမ္မာလေး ဖြစ်ပါစေလို့ ....။

Director အဖွဲ့ဝင်များ
(Light Future Co.,Ltd.)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မောင်ရဲရင့်သီဟကျော်(ကွိကွိ) တစ်နှစ်ပြည့်မွေးနေ့ဆုတောင်း

ဖေဖေ၊ မေမေတို့၏တစ်ဦးတည်းသော အချစ်ဆုံးသားလေး ကွိကွိ၏ ၁၈-၂-၂၀၁၀ ရက်တွင် ကျရောက်ခဲ့သောတစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ထူးချွန်ထက်မြက်သော သားကောင်းရတနာလေး ဖြစ်ပါစေ-

နှစ်ဖက်သော အဘိုး၊ အဘွားများနှင့်

ဖေဖေ	-	ဦးကျော်သီဟ(2 nd Mate F.G)
မေမေ	-	ဒေါ်ပွင့်ဖြူ(နည်းပြ၊ ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)။

အဘိဓမ္မာတတ်မှ ဘဝပညာတတ်မည်

* အဘိဓမ္မာမတတ်လျှင် ဗုဒ္ဓဓမ္မကို ကျယ်ကျယ်ပြန့်ပြန့် မသိနိုင်။
* အဘိဓမ္မာတတ်မှ စာတတ်မည်။
  အပြည်ပြည်ဆိုင်ရာ အဘိဓမ္မတက္ကသိုလ် I.I.A က
* နိုင်ငံတကာအသိအမှတ်ပြု အဆင့်မြင့်ဒီပလိုမာ အင်္ဂလိပ်ဘာသာဖြင့် သင်တန်း Level I, Level II, Leve III ပုံမှန်သင်တန်းနှင့် မူလအဝေးသင် သင်တန်း၊
* မြန်မာဘာသာဖြင့် မူလအဝေးသင် သင်တန်း Leve I တို့ကို ဖွင့်နေပါပြီ။

ဆက်သွယ်ရန်လိပ်စာ - I.I.A Campus II ကမ္ဘာအေးဘုရားဝင်း
ဆက်သွယ်ရန်ဖုန်း - ၆၅၅၇၅၆၊ ၆၅၁၇၆၉။

ပျောက်ဆုံးကြောင်း

ကျွန်တော်သန်းထိုက် ၉/မရတ(နိုင်) ၀၄၃၄၁၂ ၏ PP (848198) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၂-၇၂၈၆၄။

လူပျောက်ကြော်ငြာ

ညီမ နန်းထွေးခမ်း(ခ)မနီလာခိုင် အစ်မစိတ်ပူနေသည်၊ အမြန်ပြန်လာပါ၊ လက်ခံထားသူများအား အရေးယူမည်။

အစ်မ မနန်းခမ်းလင်းအေး
သုဝဏ္ဏ။





ရောဝတီမြတ်မော်တင်ဘုရားပွဲတော်

ခရီးစဉ်(၃) ၂၆-၂-၂၀၁၀ ရက်မှ ၁-၃-၂၀၁၀ရက်အထိ နှစ်ညအိပ် သုံးရက်ခရီး။ စား၊ တည်း၊ ငြိမ်း၊ ငွေကျပ်-၃၅၀၀၀ ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ၂၁၅၉၇၂၊ ၂၁၅၉၇၃၊ ရွှေထိပ်တန်း ဖုန်း-၃၈၆၃၆၁၊ ၇၀၁၀၁၅။

မီး သတိပြု

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏သမီးဖြစ်သူ မဉမ္မာကြည် ၁၂/သကတ(နိုင်)၁၂၁၇၁၅ သည် မိဘမောင်ဖွားအစ်မများဆိုဆုံးမသည်ကို မနာခံဘဲ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကို ကျဆင်းစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ၁၉-၂-၂၀၁၀ ရက်တွင် ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းရက်မှစ၍ ကျွန်ုပ်တို့သည် မဉမ္မာကြည်နှင့်ပတ်သက်သော မည်သည့်ကိစ္စများကိုမဆို လုံးဝ(လုံးဝ) သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း မဉမ္မာကြည်နှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)။

ဦးမောင်မောင်ကြည်
၁၂/သကတ(နိုင်)၀၆၇၀၀၈
အမှတ်(ခ/၉၇၆)၊သလ္လာဝတီ(၈)လမ်း၊၁၀/တောင်ရပ်ကွက်
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တိုက် ၉၊ အခန်း၂၊ မြကန်သာအိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ကျွန်တော်ကျွန်မတို့၏သား မောင်သူရထွန်းကျော် ၁၂/ကမရ(နိုင်)၀၅၃၅၇၃ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိ၏ဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးထွန်းတင် ၁၂/ကမရ(နိုင်)၀၁၃၂၇၄
မိခင်-ဒေါ်ရင်လှ ၁၂/ကမရ(နိုင်)၀၁၃၄၄၇။

ညောင်ဦးမြို့ ငှက်ပစ်တောင်ရှိ ကျေးလက်ရေပေးရေး ရေတွန်းစက်များလည်ပတ်မှု အခြေအနေကို စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးလှသိန်းအောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်းတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနခြောက်ခုမှ ပစ္စည်း၂၄၈မျိုး ရောင်းချသည့် အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်ကကျင်းပရာ ကျောက်တန်းမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ စက္ကူပစ္စည်းထုပ်ပိုးစက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနား စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး ရွေးချယ်တင်မြှောက်ပွဲကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀

မြစ်ကြီးနားမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရွေးချယ်တင်မြှောက်ပွဲနှင့် မျက်နှာစုံညီ အစည်းအဝေးကို မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်း၌ ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ သဘာပတိအဖြစ် ဦးဆွေလင်း (မေမြို့ဆွေလင်း)က ဆောင်ရွက်ပြီး သဘာပတိ မေမြို့ဆွေလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးဇော်ဝင်းထင်နှင့် မြို့နယ် စာနယ်ဇင်းဥက္ကဋ္ဌ ဦးဝင်းကြည် (ရွှေမြာ လှဝင်းဆွေ)တို့က အမှာစကား ပြောကြားသည်။

ရွေးချယ်

အစီအစဉ်အရ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဦးကျော်ဆန်းဦး(မောင်ရည်ကျော်-ရှပ)နှင့် ဦးခင်မောင်အေး (မြစ်ငယ်ကျော်မော်)တို့က ဖတ်ကြား အတည်ပြုသည်။ ထို့နောက် အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးစိုင်းထိန်လင်း (ခွန်ဂျာလင်း)၊ ဘဏ္ဍာရေးမှူး ဦးရန်နိုင်ဘုန်းမြင့် (ရန်နိုင်ဘုန်းမြင့်)၊ အတွင်းရေးမှူး ဦးခင်မောင်အေး (မြစ်ငယ်ကျော်မော်)တို့နှင့် အမှုဆောင်အဖြစ်ဦးသန်းနိုင်(ထီလာသန်းနိုင်)နှင့် ဦးစောမြင့်ဆွေ (စောနဒီ-မြစ်ကြီးနား)တို့ကို ရွေးချယ်ကြသည်။

(မြို့နယ်စာနယ်ဇင်း)

ရေဦးမြို့နယ် အောင်ချမ်းသာရပ်ကွက် မူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ရေဦး ဖေဖော်ဝါရီ ၁၂

နိုင်ငံတော်၏ ပံ့ပိုးမှု၊ အများပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးသည့် ရေဦးမြို့နယ် အောင်ချမ်းသာရပ်ကွက် မူလတန်းကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၁၀နာရီက အဆိုပါ ကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ ပညာရေးမှူးဦးကျော်တင့်၊ ကျောင်းအကျိုးတော်ဆောင် မြို့မိမြို့ဖဥက္ကဋ္ဌ ဦးညိုဝင်းတို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား မြို့နယ်ပညာရေးမှူး ဦးကျော်တင့်ထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(ပညာရေး)**

ပညာရေးစုံညီပွဲတော် ဝိုင်းမော်၌ကျင်းပ

ဝိုင်းမော် ဖေဖော်ဝါရီ ၁၁

ဝိုင်းမော်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၉ရက် နံနက်က ဝိုင်းမော်မြို့ အထက်တန်းကျောင်းခွဲ (ရတနာ)ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဇာနီက စုံညီပွဲတော် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ပညာရေးစုံညီပွဲတော်ကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၉- ၂၀၁၀ ပညာသင်နှစ်အတွက် ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၄ ဦးအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေးလုပ်ငန်း သွေးနက်ကျေးရွာအုပ်စု ကြီးနီကျေးရွာတွင် စက်ရေတွင်းတူးဖော်ပြီးဖြစ်၍ ရေထုတ်ယူသုံးစွဲနိုင်ရန် မိုနိုပန့်တပ်ဆင်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၈ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)၏ စက်ရေတွင်းဟောင်း ပြုပြင်ခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၀၉) သင်တန်းသား အင်ဂျင်နီယာများ လက်တွေ့ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုးကောင်း-တာပေါ ကျေးလက်လမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်

မိုးကောင်း ဖေဖော်ဝါရီ ၁၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) မြို့ပြ ဦးညီညီထွန်း တာဝန်ယူ၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မိုးကောင်း-တာပေါ ကျေးလမ်းမှ အရှည် ၉၃၃၈ ပေ၊ အကျယ် ၁၂ပေရှိသည့် လမ်းအပိုင်း ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၂၉ရက်က အဆိုပါ လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ကကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။ *(ဝ၀၁)*

စာကြည့်တိုက်များ ရှင်သန်ရေးနှင့်စာဖတ်ဝိုင်း အင်တော်မြို့၌ ကျင်းပ

အင်တော ဖေဖော်ဝါရီ ၁၂

အင်တော်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ကြူ ကြူလှိုင်သည် ဝန်ထမ်းများ လိုက်ပါလျက် ဇန်နဝါရီ ၂၁ရက်က အင်တော်မြို့ ရပ်ကွက်(၅) ချောင်းဖျားရပ်ကွက် လူငယ် အားမာန် စာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး၊ သတ်မှတ် စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာငှားစနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင် တိုးပွားရေးနှင့် စာဖတ်ရှိန် မြှင့်မားရေးတို့ကို ဆွေးနွေးပြီး တက်ရောက်လာသူများနှင့် စာဖတ်ဝိုင်း ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆွမ်းလောင်းရုံ ရေစက်ချအလှူတော် ကျင်းပ

ပေါင်းတည် ဖေဖော်ဝါရီ ၁၀

ပြည်ခရိုင် ပေါင်းတည်မြို့ ကရုဏာနှင့် ကူညီမှုအသင်း၊ ဝါပအရုဏ်ဆွမ်းလောင်းရုံ ရေစက်ချအလှူတော်မင်္ဂလာနှင့် ကရုဏာရှင် ကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဈေး(၂)ရပ်ကွက် ရွှေတောင်လမ်း ကရုဏာရှင် ကူညီမှုအသင်း ငြိမ်းချမ်းသာ ဆွမ်းလောင်းရုံ၌ ဖေဖော်ဝါရီ ၅ရက် နံနက် ၈နာရီက ကျင်းပသည်။ ပေါင်းတည်မြို့ ပျဉ်းပင်ကန်ရပ်ကွက် အတွင်းလမ်းနေ အလှူရှင် ဦးမြင့်ဆွေ-ဒေါ်အေးမိသားစုက ငြိမ်းချမ်းသာ ဆွမ်းလောင်းရုံကို တန်ဖိုးငွေကျပ်သိန်း ၁၇၀ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ အလှူရှင်မိသားစုက ကရုဏာရှင်နှင့်ကူညီမှုအသင်းသို့ နာရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ရန်ပုံငွေအဖြစ် ငွေကျပ်သိန်း၁၀၀နှင့် ထွန်းအေးဆန်စက်မိသားစု အတွင်းလမ်းက ငွေကျပ်ငါးသိန်း လှူဒါန်းကြရာ အသင်းနာယက ဦးသန်းလေးက လက်ခံယူသည်။ **(အပေါ်ပုံ)** (ဝ၆၁)

ကော့ကရိတ်၌ အရန်မီးသတ်လေ့ကျင့်ရေးသင်တန်းဆင်း

ကော့ကရိတ် ဖေဖော်ဝါရီ ၁၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး သင်တန်း အမှတ်စဉ် (၃/၂၀၀၉)ဆင်းပွဲကို ဒီဇင်ဘာ ၁၁ရက် နံနက်ပိုင်းက ကော့ဘိန်းစံပြကျေးရွာ အထက်တန်းကျောင်း အားကစားကွင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွှန့်ဦးက သင်တန်းဆင်း အမှာစကား ပြောကြားပြီး **(ယာပုံ)** ထူးချွန်ဆုများ ချီးမြှင့်သည်။

သရုပ်ပြငြိမ်းသတ်

အခမ်းအနားသို့ ကော့ကရိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း၊ အရန်မီးသတ်တပ်ဖွဲ့မှူး ဦးနိုင်ပန်းအေးနှင့် ကော့ဘိန်း၊ ကော့ပေါက်၊ မင်းရွာတိုက်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး အရန်မီးသတ် တပ်ဖွဲ့ဝင်များက မီးသတ်စက်ယာဉ် လေးစီးဖြင့် မီးသတ်စွမ်းရည်ကို သရုပ်ပြ ငြိမ်းသတ်ကြသည်။

(ဝဝ၇)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးတွင် ဇန်နဝါရီ ၂၇ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးဟန်ဝင်းအောင်နှင့် ဈေးအဖွဲ့ဝန်ထမ်းများ ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူနေမှုကို ဦးစီးအရာရှိ ဒေါ်ဝင်းမာသန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မြို့မဈေးကြီး၌ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မကွေးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလေ့ကျင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဒေါ်နီနီချိုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ မြင်းမူ အထက(၁)၌ ကျင်းပ

မြင်းမူ ဖေဖော်ဝါရီ ၁၄

မြင်းမူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀ ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၁၀နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကား ပြောကြားပြီးနောက် မြို့နယ်ပညာရေးမှူး ဦးကြည်ဆောင်က အမှာစကားပြောကြားကာ ၂၀၀၈- ၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံ ဘာသာစုံ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အချောသပ်ဂဝံခင်း

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသော အဖျောက်-ဇကာကြီးလမ်း အချောသပ် ဂဝံခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ သူရဦးမြင့်သူနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဘသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောက်ကြမ်းခင်းလမ်း ပြုပြင်ဆောင်ရွက်

ကောလင်း ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် ကောလင်း-အင်ပင်လှ-ကျောက်ပြင်သာလမ်းကျောက်ကြမ်းခင်းလမ်း ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းကို ဇန်နဝါရီ ၂၈ရက်က ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျေးရွာပြည်သူနှင့် ကောလင်းသစ်ထုတ်ရေးလုပ်ငန်းမှ စက်ယန္တရားများ အကူအညီယူ၍ ပြည်သူ ၃၀၀ခန့်ဖြင့် ဆောင်ရွက်ခဲ့ရာ ကျောက်ကြမ်းခင်းလမ်းပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

21-2 (15).pmd 1 2/21/2010, 1:45 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲ

မြန်မာအသင်း အုပ်စု(က) ဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့တက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ကြီးမှူးကျင်းပသည့် AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီတွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ဆက်လက်ကျင်းပသည်။

မြန်မာအသင်းနှင့် တာဂျီကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တာဂျီကစ္စတန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အကြိုဗိုလ်လုပွဲ

မြန်မာအသင်းသည် အုပ်စု(က)တွင် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ရရှိကာ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ ယင်းအုပ်စုတွင် တာဂျီကစ္စတန်အသင်းက အုပ်စုပထမ ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ပြင်ဆင်ထားစဉ်။ ဓာတ်ပုံမှတ်တမ်း- သာညဏ် (သတင်းစဉ်)

**မီးအန္တရာယ် ကြောက်မက်ဖွယ်
ကာကွယ်မနေး တို့အရေး**

**မီးမရှိသေ သုံးစွဲလေက
မွဲတေဆင်းရဲ ရပေမည်**

သတိထား၍ ကြိုတင်ကာကွယ်ရမည့် မီးဘေးအန္တရာယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

"မီး၊ မီး" နွေဦးရာသီ တပေါင်းလဆန်းမျှသာ ရှိသေးသည်။ ဟိုရပ်ကွက် ဒီရပ်ကွက်၊ ဟိုဈေး ဒီဈေးနှင့် ဟိုမြို့ ဒီမြို့တို့တွင် ဖြစ်ပွားခဲ့သော အဂ္ဂိတောဝါဘေးကား စိုးထိတ်ဖွယ်ကောင်းလှပါဘိ။

ကြိုတင်ကာကွယ်

ယခုရက်ပိုင်းအတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်းဈေးကြီး မီးလောင်မှုက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟုသုတနည်းပါးသူ ကျွန်တော်၏ရင်ကို တုန်လှုပ်စေခဲ့လေသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❍

သတင်းဆောင်းပါး
မောင်မောင်ထွေး
(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း
သာညဏ် (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)